၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group   Issue No.872, June 24, 2012

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: mgthuka@gmail.com , koko@gol.com

ဗြိတိသျှပါလီမန်မှာ ပြောကြားသည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအပြည့်အစုံ

၂၀၁၂ ခုနှစ် ဂျွန်လ ၂၁ ရက်နေ့က ဗြိတိသျှပါလီမန်မှာ ပြောကြားခဲ့သည့် မိန့်ခွန်း VOA မှ ကူးယူဖော်ပြပါသည်

"ခမ်းနားတင့်တယ်တဲ့ ဒီခန်းမကြီးမှာ စကားပြောဖို့ ဖိတ်ခေါ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဒီဂုဏ်ပြုမှုရဲ့ ထူးခြားတဲ့ သဘောသဘာဝကိုလည်း ကျမသတိပြုမိပါတယ်။ ဒီနေရာမှာ စကားပြောဖို့ ခွင့်ပြုသင့်သလား ဒါမှမဟုတ် ဒီအဆောက်အအုံထဲက တခြားတနေရာမှာဘဲ ပြောခွင့်ပေးမလားဆိုတာတောင်အစောပိုင်းကအငြင်းအခုံဖြစ်ခဲ့တာကိုလည်းသိရှိခဲ့ပါတယ်။ ဒီလိုအခြေအတင် ဆွေးနွေးတာတွေဟာ ကောင်းပါတယ်။ ဒါဟာ ပါလီမန်လွှတ်တော်ရဲ့ အလုပ်ပါဘဲ။

ကျမ အခုဘဲ ဒေါင်းနင်းလမ်းကလာခဲ့တာပါ။ ကျမအတွက်တစိမ်းနေရာတော့မဟုတ်ပါဘူး။ တီဗွီမှာတင် မကဘဲ ကျမဖခင် ဦးအောင်ဆန်း၁၉၄၇ခုနှစ်မှာလုပ်ကြံသတ်ဖြတ်မခံရခင်ဝန်ကြီးချုပ်အက်တလီနဲ့ အတူလွတ်လပ်ရေးကိစ္စဆွေးနွေးအပြီး ဒေါင်းနင်းလမ်းရှေ့မှာ ရိုက်ကူးထားခဲ့တဲ့ ဓာတ်ပုံဟာ ထင်ရှားပါတယ်။ ဓာတ်ပုံထဲမှာ သူဟာ ဗြိတိသျှစစ်သုံးကုတ်အကျႌရှည်ကို ဝတ်ထားပါတယ်။ သူ မကြုံဖူးတဲ့ အအေးဒဏ်ကို ခံနိုင်အောင် ဗြိတိန် အလာလမ်းမှာ အိန္ဒိယခေါင်းဆောင် ဂျဟာဝါလာနေရူးက ပေးလိုက်တာပါ။ ကျမလည်း အပူပိုင်းနိုင်ငံမှာ ၂၄ နှစ်လုံးလုံးနေခဲ့ပြီးတဲ့နောက် ဒီဘက်ကို အလာမှာ အဲလို ကုတ်အကျႌ ကို များလိုမလားလို့တောင် တွေးခဲ့တာမျိုးရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ နာရီပိုင်းကတော့ ကျမ အဖေဓာတ်ပုံရိုက်သွားတဲ့ နေရာမှာဘဲ အခုဝန်ကြီး ချုပ်ဒေးဗစ်ကင်မရွန်းနဲ့ ဓာတ်ပုံရိုက်နေချိန်မှာတော့ မိုးတွေက ရွာနေပါတယ်။ ဒါ ဗြိတိန်ရာသီဥတုပါဘဲ။

ဒုတိယ ကမ္ဘာစစ်အတွင်းက ကျမ ဖခင်ဟာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တည်ထောင်ခဲ့တာပါ။ လွတ်လပ်တဲ့ မြန်မာနိုင်ငံမှာဒီမိုကရေစီတည်ထောင်ချင်လို့ ဒီတာဝန်ကို သူယူခဲ့တာပါ။ လွတ်လပ်တဲ့ နိုင်ငံတခုနဲ့ ထိုက်တန်တဲ့ နိုင်ငံရေးစနစ်ဟာ ဒီမိုကရေစီစနစ်သာဖြစ်တယ်လို့ သူယုံကြည်ခဲ့ပါတယ်။ ကျမလည်း ဒါကိုယုံကြည်လက်ခံပါတယ်။ ဗြိတိသျှမဟာမိတ်တပ်ဖွဲ့တွေရဲ့ ဗိုလ်ချုပ်ကြီး ဆလင်းက သူ့ရဲ့ ကိုယ်ရေးမှတ်တမ်းမှာ ကျမဖခင်နဲ့ ပထမဆုံးတွေ့ဆုံပုံ အကြောင်းရေးထားတာရှိပါတယ်။ ဒုတိယ ကမ္ဘာစစ် ပြီးခါနီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကမဟာမိတ်တွေနဲ့လက်တွဲဖို့ဆုံးဖြတ်ပြီးဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ချုပ်ကြီး ဆလင်းနဲ့သွားတွေ့တဲ့ အခါမှာ ဗိုလ်ချုပ်ကြီးဆလင်းက ငါတို့ စစ်နိုင်နေလို့ လာပေါင်းတာ မဟုတ်လားလို့ ပြောတဲ့အခါ ကျမအဖေက ခင်ဗျားတို့ စစ်မနိုင်ရင် လာပေါင်းလို့ ဘာအကျိုးရှိမှာလဲလို့ ပြန်ပြောခဲ့တယ်လို့ သူက ရေးထားပါတယ်။

ကျမအဖေကို လက်တွေ့သမားလို့ ဗိုလ်ချုပ်ကြီး ဆလင်းကယုံကြည်ပြီး လက်တွဲလုပ်နိုင်မယ့်သူလို့ မှတ်တမ်းတင်ထားပါတယ်။အခုအနှစ် ၆၀ ကျော်လာတဲ့ အခါမှာ ကျမလည်း ဖခင်ကြီးလို လက်တွေ့ကျကျ လုပ်နိုင်အောင် ကြိုးစားနေပါတယ်။ ဒါကြောင့်လည်း အခုလို လာရောက်ပြီး လက်တွေ့အကူအညီပေးဖို့ မိတ်ဆွေအနေနဲ့ ဒိုးတူပေါင်ဖက်လာရောက် ပြောကြားနေတာပါ။ အခွင့်အရေးတွေ နှစ်ပေါင်းများစွာဆုံးရှုံးနေတဲ့ မြန်မာပြည်သားတွေရဲ့ ဘဝနဲ့ အခွင့်အလမ်းတွေ အတွက် ပြုပြင်ရေးလုပ်ငန်းတွေကို ကူညီထောက်ခံကြဖို့ ကျမပြောလိုပါတယ်။

ကောင်းမွန်တဲ့ အနာဂတ်ကို လျှောက်လှမ်းနိုင်ဖို့ ကျမတို့တိုင်း

စာမျက်နှာ ၂ သို့

ပြုပြင်ပြောင်းလဲရေး အစီအစဉ်သစ်တွေ သမတဦးသိန်းစိန် ထုတ်ဖော်ပြောဆို	ပြုပြင်ပြောင်းလဲရေး လိုအပ်ချက်တွေ ဒေါ်အောင်ဆန်းစုကြည် ထောက်ပြ	နိုင်ငံရေးအကျဉ်းသား တွေလွတ်မြောက်ရေး ဒေါ်အောင်ဆန်းစုကြည် တောင်းဆို	မြန်မာကိုဒဏ်ခတ်မှု လျှော့ပေါ့ရေးလက်တွေ့ ဖြစ်ဖို့ အချိန်အနည်း ငယ်ယူရမည်	ဒေါ်အောင်ဆန်းစုကြည် ဝေလမင်းသားနဲ့ ဇနီးကို ကလီရင့်စံအိမ်မှာတွေ့ဆုံ	ဒေါ်အောင်ဆန်းစုကြည် ဥရောပခရီးစဉ် နိုင်ငံပိုင်သတင်းမီဒီယာမှာ ဖော်ပြမှုမရှိခဲ့
စာမျက်နှာ ၄	စာမျက်နှာ ၇	စာမျက်နှာ ၁၀	စာမျက်နှာ ၁၄	စာမျက်နှာ ၂၀	စာမျက်နှာ ၂၃

မျက်နှာဖုံးမှ

ပြည်ဟာ အခုမှ တာစူနေတုန်းပါ။ ကျော်ဖြတ်ရမယ့် တောင်ကုန်းတွေ ချောက်ကမ်းပါးတွေ အခက်အခဲတွေ အများကြီးရှိနေပါသေးတယ်။ ကျမတို့ ကြိုးစားလို့ အခုအခြေအနေထိ ရောက်လာတာပါ။ ဗြိတိန်နဲ့ ကမ္ဘာတဝှမ်းက ပြည်သူတွေဝိုင်းကူရင် ဒီထက်ပိုပြီး ခရီးတွင်ပါလိမ့်မယ်။ ပြုပြင်ပြောင်းလဲရေးအကြောင်းဆိုတာဟာ အခု ဒီဝက်စ်မင်နင်စတာခန်းမကြီးမှာပြောရတာ အသင့်တော်ဆုံးပါဘဲ။ ကျမတို့ တိုင်းပြည်မှာ ပါလီမန်စနစ်ခိုင်မာရေးဟာ အဓိက အကျဆုံးဖြစ်ပါတယ်။ ဗြိတိသျှပါလီမန်ဟာ ကမ္ဘာ့ အဖိနှိပ်ခံတွေရဲ့ လွတ်လပ်စွာပြောဆိုခွင့်နဲ့ ပတ်သက်ပြီး စံထားရမယ့် အကောင်းဆုံးသင်္ကေတပါဘဲ။ ဒီနိုင် ငံမှာ ဒီလွတ်လပ်ခွင့်တွေဟာ အလိုအလျောက်ရှိနေပြီး သားမို့အမှုမဲ့ဖြစ်နေတတ်ကြပါလိမ့်မယ်။ ကျမတို့ မြန်မာနိုင်ငံမှာတော့ ဒီလွတ်လပ်မှုတွေကို နှစ်ပေါင်းများစွာ အနစ်နာခံပြီး တိုက်ပွဲဝင်နေရတာပါ။ လူတွေ အများအပြား စွန့်လွှတ် ဆုံးရှုံးခဲ့ရတာတွေရှိပါတယ်။ အခုမှ ဒီစွန့်လွှတ်မှုတွေရဲ့ရလဒ် အသီးအပွင့်ကို စပြီး မြင်တွေ့စရနေတာပါ။

ဥပဒေပြုတဲ့ဖြစ်စဉ်မှာ ပြည့်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးရမှာ Wesrminster ဟာ ပြောင်မြောက်တဲ့ ဥပမာဖြစ်နေတာကြာပါပြီ။ မြန်မာ့ပါလီမန်ကတော့ အခုမှ အစပဲရှိပါသေးတယ်။ ၂၀၁၁ မတ်လမှာ အသက်ဝင်တဲ့ ပါလီမန်ဖြစ်ပြီး ၄၉ နှစ်ကြာခဲ့တဲ့ စစ်အုပ်ချုပ်ရေး ခေတ်ကို ကျော်လွှားနေရတဲ့ အတွက် မိမိဘာသာရပ်တည်ပြီး ပြောနိုင်ဆိုနိုင်ဖို့ အချိန်ယူရဦးမှာဖြစ်ပေမယ့် အရင် ရှိခဲ့တာထက်စာရင် ပိုပြီး ခိုင်မာတယ်လို့ပြောနိုင်ပါတယ်။ ဒါပေမယ့် သိသာမြင်သာမှု ရှိသင့်သလောက် မရှိသေးပါဘူး။

အခြေခိုင်ပြီးသား ပါလီမန် ဒီမိုကရေစီနိုင်ငံတွေကို လေ့လာလိုပါတယ်။ ဒါမှ အချိန်ရလာတဲ့ အခါ ကျမတို့ရဲ့ ဒီမိုကရေစီ ခေလ့ဟာလည်း နက်ရှိုင်းလာမှာဖြစ်ပါတယ်။ ပါလီမန်စနစ်ကို ယုံကြည်မှုတည်ဆောက်တဲ့ဖြစ်စဉ်ဟာ ပါလီမန်မကျင်းပမီ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှာ ပြည်သူလူထု ပါဝင်လာဖို့ ဖြစ်ပါတယ်။ ဒီနှစ်အစောပိုင်းက ရွေးကောက်ပွဲမှာ ပထမဆုံးအကြိမ် ကျမဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒီကနေ့အထိ ဘယ်ရွေးကောက်ပွဲမှာမှ ကျမလွတ်လွတ်လပ်လပ် မဲဆန္ဒ မပေးဖူးပါဘူး။ ၁၉၉၀ ရွေးကောက်ပွဲမှာ နေအိမ်အကျယ်ချုပ် ကနေ ကြိုတင်မဲပေးပါတယ်။ ဝင်ရောက် ယှဉ်ပြိုင်ခွင့်တော့ မရပါဘူး။ နိုင်ငံခြားအကူအညီယူတယ်။ ဘီဘီစီက ကျမဘက်က ပါတယ်လို့ အကြောင်းပြပြီး ရွေးကောက်ပွဲ ဝင်ခွင့်မပေးတာပါဘဲ။

လွန်ခဲ့တဲ့ ရွေးကောက်ပွဲ မတိုင်မီမှာ အသိသာဆုံး ကတော့ နိုင်ငံ ရေး ဖြစ်စဉ်မှာ ဘယ်လို ပါဝင်ရမယ်ဆိုတာကို မဲဆန္ဒနယ်မြေကပြည်သူက သိရှိနေတာပဲဖြစ်ပါတယ်။ မဲပေးခွင့်ဆိုတာ လူတိုင်းကို ပေးတာ မဟုတ်လို့ အခွင့်သာတုန်းရယူရမယ်။ ဒီအခွင့်အရေး ဆုံးရှုံးရင်ဘာဖြစ်မယ်ဆိုတာကိုပြည်သူတွေသဘောပေါက်သွားကြတာဖြစ်ပါတယ်။

ကျမ ဗြိတိန်နိုင်ငံမှာ နေစဉ်ကလည်း မဲဆန္ဒပေးခွင့် တစ်ခါမှမရှိခဲ့ပါဘူး။ တက္ကသိုလ်ကျောင်းသူဘဝမှာတော့ မဲပေးခွင့် မရှိပေမယ့်မိတ်ဆွေသူငယ်ချင်းတွေကို မဲဆန္ဒပေးဖြစ်အောင်ပေးကြဖို့ ဆော်ဩပါတယ်။ ကျမ တိုက်တွန်းသလို လုပ်မလုပ်တော့ ကျမ မသိပါဘူး။ကိုယ်ရထားတဲ့ အခွင့်အရေးကို ကိုယ်က မလေးစားရင် ပျောက်ကွယ်သွားနိုင်ဖွယ်ရှိပါတယ်။ မိမိကိုယ်မိမိ နိုင်ငံရေးထက်မြင့်တယ်လို့ ထင်သူတွေကို ပြောချင်ပါတယ်။ နိုင်ငံရေးကို ကျမတို့ အပေါ်မှာရှိတယ် သို့မဟုတ် အောက်မှာရှိတယ်လို့ မမြင်သင့်ပါဘူး။ နိုင်ငံရေးဆိုတာ ကျမတို့နေ့စဉ်ဘဝရဲ့ အစိတ်အပိုင်းတခုသာဖြစ်တယ်။ ကျမ အိမ်ထောင်သည်ဘဝမှာလည်း လင်ယောက်ျားကို နိုင်ငံရေးမှာ ပါဝင်ဖို့ ပြောလေ့ရှိပါတယ်။ ကျမကောင်းကောင်း မှတ်မိနေတဲ့ ဖြစ်ရပ် တခုရှိပါတယ်။ကျမတို့ Oxford အိမ်ကို မဲဆွယ်သူတွေလာ တံခါးခေါက်တော့ မိုက်ကယ်က တံခါးဖွင့်ပေးပြီး ငါ့ကို စည်းရုံးနေလို့ အပိုပဲ ငါဘယ်သူ့ကို မဲပေးရမယ်ဆိုတာ ငါ့မိန်းမက ဆုံးဖြတ်တာ သူအပြင်သွားနေတယ်။ နောက်မှ ပြန်လာပါလားလို့ ပြောလိုက်တယ်။ လင်ယောက်ျား မဲပေးဖို့ ဆုံးဖြတ်တဲ့ ဇနီးကို ကြည့်ချင်လို့ ထင်ပါရဲ့ မဲဆွယ်သူဟာ နောက်တခေါက်ပြန်လာပါသေးတယ်။

မြန်မာတပြည်လုံးမှာ ရွေးကောက်ပွဲ စည်းရုံးရေး ဆင်းခဲ့တာအခုဆိုရင် ရက် ၁၀၀ တောင် မရှိသေးပါဘူး။ ဧပြီလ ၁ရက်နေ့မှာ ရွေးကောက်ပွဲ ကျင်းပတာမို့ April Fool ဆိုတာကို သတိထားမိပါတယ်။ ဒါပေမယ့် April of New Hope ဖြစ်နေပြီး မဲဆန္ဒပေးပွဲဟာ လွတ်လပ်ပြီး တရားမျှတတာ တွေ့ရပါတယ်။

သမ္မတ ဦးသိန်းစိန်ကို ချီးကျူးဂုဏ်ပြု လိုပါတယ်။ ကျမ အရင်တုန်းက ပြောခဲ့တဲ့အတိုင်း နိုင်ငံရေးကွဲပြားခြားနားမှုတွေကို တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းလုပ်ကိုင်ရင် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်နိုင်အောင် အခိုင်အမာတာဝန်ယူ လုပ်ဆောင်မှာဖြစ်ပါတယ်။

မြန်မာပြည်က ရွေးကောက်ပွဲဟာ ဗြိတိန်လို အခြေခိုင်ပြီးသား ဒီမိုကရေစီ နိုင်ငံတွေနဲ့ မတူပါဘူး။ မြန်မာပြည်မှာ လူငယ်တွေ ရွေးကောက်ပွဲတွေကို စိတ်ဝင်စားမှုနည်းပါးတဲ့ ပြဿနာမရှိပါဘူး။ လူငယ်တွေ အများအပြား ပါဝင်လာတာဟာ အားရကျေနပ်စရာ အကောင်းဆုံးဖြစ်ပါတယ်။ ကလေးငယ်တွေ တက္ကသိုလ်ကျောင်းသားတွေနဲ့ မြို့လုံးလမ်းတလျှောက် ကြိုဆိုကြတဲ့ လူအုပ်ကြီးကို ထိန်းသိမ်းရတာဟာ တကယ့် စိန်ခေါ်မှုကြီးဖြစ်နေပါတယ်။ ရွေးကောက်ပွဲမတိုင်မီမှာ တောင်ကုန်းလေးတ ခုပေါ်မှာ အသက် ၁၀နှစ် ၁၁ နှစ် အရွယ် ကလေးတစုနဲ့ သူတို့ခေါင်းဆောင်က NLD အလံထောင်ပြီး ကြိုဆိုနေတာတောင် တွေ့ခဲ့ရဖူးပါတယ်။ ကာလကြာရှည် ငြင်းပယ်ခံခဲ့ရတဲ့ အခွင့်အရေးတွေကို မဲဆန္ဒရှင်တွေက လိုချင်စိတ်ပြင်းထန်နေတာပဲ ဖြစ်ပါတယ်။

၁၉၄၈မှာ မြန်မာပြည် လွတ်လပ်ရေးရတော့ ဗြိတိန်မှာ ကျင့်သုံးတဲ့ စနစ်ကို အခြေခံတဲ့ ပါလီမန်စနစ်ကို ကျင့်သုံးတဲ့အတွက်မြန်မာ လိုပါလီမန်ခေတ်လို့ခေါ်ပါတယ်။ ကျမတို့ ပါလီမန်စနစ်ဟာ ၁၉၆၂ အထိ ခံခဲ့ပါတယ်။ အပြစ်ကင်းစင်တဲ့ စနစ်မဟုတ်ပေမယ့် တိုတောင်းလှတဲ့ လွတ်လပ်ရေးခေတ်မှာ အတိုးတက်ဆုံးနဲ့ အလားအလာအရှိဆုံးဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာကို အရှေ့တောင်အာရှမှာအောင်မြင်မယ့် အလားအလာ အရှိဆုံး တိုင်းပြည်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

ဒါပေမယ့် မျှော်မှန်းထားတိုင်း ဖြစ်မလာတတ်တာတွေဟာ မြန်မာနိုင်ငံတင် မက နေရာတိုင်းမှာ ရှိခဲ့ပါတယ်။ အခုတခါ စစ်မှန်တဲ့ ဒီမိုကရေစီ မြန်မာပြည်မှာ ပြန်လည် တည်ဆောက်နိုင်မယ့် အခွင့်အလမ်းပေါ်လာပါပြီ။ ဒီအခွင့်အလမ်းကို အသုံးမပြုနိုင်ရင် ဒီလိုအခွင့်အလမ်းမျိုးပေါ်လာအောင် ဆယ်စုနှစ်နဲ့ချီပြီး စောင့်ရနိုင်ပါတယ်။

ဒါကြောင့်မို့ ကမ္ဘာ့ဝါအရင့်ဆုံး ပါလီမန်ဒီမိုကရေစီဖြစ်တဲ့ဗြိတိန်

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ

နိုင်ငံ အနေနဲ့ ကျမတို့ နိုင်ငံရဲ့ပါလီမန် ဒီမိုကရေစီထူထောင်ရေးမှာ စစ်မှန်တဲ့လုပ်ငန်းဌာနတွေ ပေါ်လာရေး ကူညီပေးဖို့အပြင် သမ္မတဦးသိန်းစိန်ဦးဆောင်လုပ်ကိုင်နေတဲ့ ပြုပြင်ရေးလုပ်ငန်းစဉ်တွေကို ကြိုဆိုဖို့ ပြောလိုပါတယ်။ ဒါပေမယ့် ပြုပြင်ရေးဟာ ပုဂ္ဂိုလ်မှာ အခြေခံတဲ့ ဖြစ်စဉ်မဟုတ်ပါဘူး။ ခိုင်မာတဲ့ လုပ်ငန်းအဖွဲ့အစည်းတွေ မရှိရင် ရေရှည်ခံမှာမဟုတ်ပါဘူး။

ကျမတို့ လွှတ်တော်ဟာ ဒီမိုကရေစီ လုပ်ငန်းစဉ်နဲ့ပတ်သတ်ပြီး အတော်လေ့လာဖို့ လိုပါသေးတယ်။ ဒီနေရာမှာ ဗြိတိန်ကအကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။လွန်ခဲ့တဲ့လက မြန်မာ့လွှတ်တော်မှာ မိနစ်ပိုင်းလောက်နေပြီးကျမ်းကျိန် ဆိုပွဲမှာပါ ဝင်ခဲ့ပါတယ်။ ကျမအမြင်တော့ သိပ်ပြီး အခမ်းအနား ဆန်လွန်းနေတယ် ထင်ပါတယ်။ သမားရိုးကျအတိုင်း လွှတ်တော်ကိုယ်စားလှယ် အမျိုးသားတွေဟာ ခေါင်းပေါင်းတွေ ပေါင်းကြရပါတယ်။ Westminster မှာလို ခွန်းကြီးခွန်းငယ်နဲ့ အဖြေရခက်တဲ့ အပြန်အလှန်မကြားရသေးပါဘူး။ နောက်ပိုင်းမှာတော့ ကျမတို့ လွှတ်တော်မှာလည်း ဗြိတိသျှပါလီမန်လို ဝန်ကြီးချုပ်နဲ့ တိုက်ရိုက်မေးမြန်းခန်းဆိုတဲ့ အစီအစဉ်မျိုးတွေ ပေါ်လာမယ်ဆိုရင်တော့ ဒါဟာ ကျမတို့ရဲ့ပါလီမန် ဒီမိုကရေစီစနစ်အသက်ဝင်လာပြီလို့ ပြောရပါလိမ့်မယ်။

နိုင်ငံရဲ့ ဘဏ္ဍာရေး ဘတ်ဂျက်ကို ပါလီမန် လွှတ်တော်ကထိန်းချုပ်ရမယ်ဆိုတဲ့ အရေးအကြီးဆုံး လိုအပ်ချက်ကိုလည်း ကျမထောက်ပြလိုပါတယ်။ ဒါဟာ ဘာကို ညွှန်ပြသလဲဆိုတော့ပြည်သူ လူထုရဲ့လုပ်ပိုင်ခွင့်ဆိုတဲ့ဒီမိုကရေစီရဲ့အဓိကအကျဆုံးအချက်ကိုဖော်ညွှန်းနေခြင်းပါဘဲ။ အခြေခံဥပဒေ တရပ်ဆိုတာ ထိထိရောက်ရောက် ရှိဖို့အတွက် အလုံးစုံတသမတ်တည်း ရေးချထားဖို့ မလိုဘူးဆိုတာကို ဗြိတိသျှပါလီမန် စနစ်က လက်တွေ့ သက်သေပြနေပါတယ်။ အခြေခံ ဥပဒေဆိုတာကို လူထုက လက်ခံဖို့ဘဲ လိုအပ်ပါတယ်။ သူတို့နဲ့ မဆိုင်ဘဲသီးသန့်တည်ရှိနေတဲ့ ဥပဒေစာရွက်စာတမ်းတွေ အဖြစ်မဟုတ်ဘဲ သူတို့ ကိုယ်တိုင်ပိုင်ဆိုင်တဲ့ အခြေခံဥပဒေတခုအဖြစ် လက်ခံ ထားဖို့ ဆိုတာလည်း အရေးကြီးပါတယ်။ ကျမတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို လိုလားကြောင်းအတိအကျဖော်ပြထားပြီးပါပြီ။ မြန်မာနိုင်ငံရဲ့ အရင်ကရှိခဲ့တဲ့ အခြေခံဥပဒေဟာ ကျမအဖေ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့ ၁၉၄၇ ခုနှစ် လန်ဒန်မှာတွေ့ခဲ့အပြီး သိပ်မကြာခင်မှာဘဲ ရေးဆွဲခဲ့တာပါ။ အဲဒီ အခြေခံဥပဒေဟာ လုံးဝပြည့်စုံကောင်းမွန်တယ်လို့ မဆိုနိုင်ပေမယ့် လူထုရဲ့လိုလားချက်တွေနဲ့ ဆန္ဒတွေကို လေးစားနားလည်မှုတွေပါရှိခဲ့ ပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ အခြေခံ ဥပဒေကတော့၂၀၀၈ ခုနှစ်မှာ စစ်အစိုးရက ရေးဆွဲခဲ့တာပါ။ ဒီအခြေခံဥပဒေကို မြန်မာတိုင်းရင်းသား လူမျိုးစုတွေအားလုံးရဲ့ အခြေခံအခွင့်အရေးနဲ့ လိုလားချက်တွေနဲ့အညီ ထင်ဟပ်နိုင်ဖို့ ပြင်ဆင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ အတွင်း မြန်မာနိုင်ငံမှာ တနိုင်ငံလုံး ငြိမ်းချမ်းနေတယ်ဆိုတဲ့ အချိန် မရှိခဲ့ပါဘူး။ အခုဆိုရင်ဘဲ နိုင်ငံမြောက်ပိုင်းမှာ ကချင်တပ်ဖွဲ့တွေနဲ့ တပ်မတော်အကြားတိုက်ပွဲတွေ ဆက်ဖြစ်နေပါတယ်။ နိုင်ငံ အနောက်ပိုင်းမှာဆိုရင်လည်း လူထုအတွင်း အဓိကရုဏ်းတွေကြောင့် အပြစ်မဲ့ ပြည်သူတွေ သေကြေခဲ့ရတဲ့ အပြင် ထောင်သောင်းချီပြီး ရပ်ရွာစွန့် ထွက်ပြေးနေရတာတွေလည်း ရှိခဲ့ပါတယ်။ ဒီမိန့်ခွန်းကို ရေးနေတဲ့ အချိန်မှာဘဲ နိုင်ငံ အရှေ့ပိုင်းမှာ ရှမ်းတပ်ဖွဲ့ဝင်တွေနဲ့ မြန်မာအစိုးရတပ်တွေ တိုက်ပွဲပြန်ဖြစ်နေပြန်ပြီ ဆိုတဲ့ သတင်းလည်း ကြားရပါတယ်။ ကျမတို့ အနေနဲ့ ဒီပြဿနာတွေရဲ့ အရင်းအမြစ်ကို ရှာပြီး ဖြေရှင်းကြရမှာပါ။ နှစ်ဘက် ညှိနှိုင်းပြီး နိုင်ငံရေးအရ အဖြေရှာတဲ့ ဓလေ့ကို ထွန်းကားအောင် လုပ်ရပါလိမ့်မယ်။ မြန်မာပြည်မှာနေထိုင်တဲ့သူတွေ အားလုံး လွတ်လပ်လုံခြုံစွာ နေခွင့်ရစေမယ့် ဥပဒေရဲ့ စိုးမိုးမှုဆိုတာကိုလည်း မြှင့်တင်ပေးကြရပါလိမ့်မယ်။

လတ်တလော အားဖြင့်တော့ ကျမတို့အနေနဲ့ နိုင်ငံမြောက်ပိုင်းနဲ့ အနောက်ပိုင်းက လူထုအတွက် လူသားချင်းစာနာတဲ့ကူညီမှုတွေလိုအပ်နေပါတယ်။ အဲဒီမှာ အမျိုးသမီးတွေ ကလေးငယ်တွေ အပါအဝင် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရတာပါ။ မြန်မာနိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးနည်းလမ်းကျ ဖြေရှင်းဖို့ အဓိက ဖြစ်တယ်ဆိုတာ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ သဘောပေါက်ပြီး ဒီလို နိုင်ငံရေးအရ ဖြေရှင်းမှုတွေ ဖြစ်လာဖို့ကို ရေတိုစီးပွားရေးလုပ်ငန်းတွေထက် ပိုပြီး ဦးစားပေး လာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကွဲလွဲမှုတွေကို မစေ့စပ်ပေးနိုင်ရင် လိုလားမှုတွေကို မဖြည့် ဆည်းပေးနိုင်ရင် ရေရှည်တည်တံ့မယ့် ဖွံ့ဖြိုးမှုအတွက် အခြေခံကောင်းတွေ ဖြစ်မလာနိုင်ပါဘူး။ ဒါဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အားလုံးနဲ့သက်ဆိုင်ပါတယ်။ ဗြိတိန်နိုင်ငံဟာ အခုလက်ရှိ ကွန်ဆာဗေးတစ်၊ လစ်ဘရယ်ဒီမိုကရက်၊ ညွန့်ပေါင်းအစိုးရ အပါအဝင် စဉ်ဆက်တလျှောက်လုံး မြန်မာနိုင်ငံကို အကူအညီတွေ ပေးလာခဲ့တာပါ။

ကျမတို့ နိုင်ငံအပေါ် လိုအပ်တဲ့ နေရာတွေကို အဓိကပစ်မှတ်ထားပြီး အားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးအကူအညီတွေ ဆက်ပေးသွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိအချိန်အထိ ဗြိတိန်နိုင်ငံဟာ မြန်မာနိုင်ငံကို အများဆုံး အကူအညီပေးနေခဲ့တာပါ။ အထူးသဖြင့် ပညာရေးပိုင်းမှာ ဗြိတိန်နိုင်ငံက အဓိက ကူညီပေးနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ မြန်မာပြည်သူတွေအနေနဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေဟာ သူတို့ရဲ့ဘဝမှာ ကောင်းကျိုးရလဒ် လက်ငင်းရနိုင်ပါတယ်ဆိုတဲ့ အမြင်မျိုးရသွားဖို့လိုပါတယ်။ လုပ်ငန်းခွင်သင်တန်းတွေအပြင် မြန်မာလူငယ်တွေကြားထဲမှာ ရေရှည်ခံစားနေကြရတဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့ အလုပ်ခွင်တွေ ဖန်တီးပေးနိုင်ဖို့လည်းအင်မတန်အရေးပါပါတယ်။ရေရှည်အားဖြင့်ဆိုရင်တော့မြန်မာ့ပညာရေးစနစ်ဟာ အင်မတန်နိမ့်ကျနေတာမို့ ပြုပြင်ပြောင်းလဲရေးတွေလိုအပ်နေပါတယ်။ ကျောင်းတွေ၊ သင်ရိုးညွှန်းတမ်းတွေ ပြုပြင်ရေး ဆရာဆရာမတွေ လေ့ကျင့်သင်ကြားရေးအပြင် လတ်တလောအားဖြင့် ပညာရေး စနစ်အပေါ်ထားရှိတဲ့ ကျဉ်းမြောင်းတဲ့အယူအဆတွေကိုလည်း ပြုပြင်ရပါလိမ့် မယ်။

ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေကလည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ ကျမ အရင်က ပြောခဲ့ဖူးတဲ့ ဒီမိုကရေစီ နည်းလမ်းကျ ရင်းနှီးမြှုပ်နှံမှုဆိုတာနဲ့ အညီ တတပ်တအားကူညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါဟာ ပွင့်လင်းမြင်သာမှု တာဝန်ခံမှု အလုပ်သမားအခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိမ်းသိန်းရေးတွေကိုဦးစားပေးမှုစတာတွေနဲ့ညီတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုဆိုလိုတာပါ။ လုပ်အားကိုအခြေခံတဲ့ကဏ္ဍတွေမှာ တာဝန်သိသိနဲ့ဝင်ပြီး ရင်းနှီး

စာမျက်နှာ ၅ သို့

ပြုပြင်ပြောင်းလဲရေး အစီအစဉ်သစ်တွေ သမ္မတဦးသိန်းစိန် ထုတ်ဖော်ပြောဆို

VOA ၊ ၂၁ ဇွန်လ ၁၉ ။ ။ မြန်မာနိုင်ငံမှာ လူတဦးချင်းရဲ့ပျမ်းမျှဝင် ငွေကို ၃ ဆတိုးအောင် လုပ်သွားချင်တယ်လို့ သမ္မတဦးသိန်းစိန်က ပြောလိုက်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး သမ္မတဦးသိန်းစိန်က ဒီကနေ့ နေပြည်တော်ကနေတနိုင်ငံလုံးကို ရုပ်မြင်သံကြားကနေတဆင့် တိုက်ရိုက်ပြောခဲ့တဲ့ မိန့်ခွန်းထဲမှာအဲဒီလိုပြောသွားတာပါ။ မိန့်ခွန်းတခုလုံးဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ကိစ္စကို အဓိကအာရုံစိုက်ပြောဆိုသွားပေမဲ့နိုင်ငံအနေနဲ့အရေးတကြီးအကောင်အထည်ဖော်လုပ်ဆောင်သင့်တဲ့ကိစ္စရပ်တချို့ကို ထည့်မပြောခဲ့ဘူးဆိုတဲ့အမြင်မျိုးလည်းရှိပါတယ်၊ အပြည့်အစုံကို ဘန်ကောက်ကနေကိုကျော်ကျော်သိန်းက သတင်း ပေးပို့ထားပါတယ်။

ဒီနှစ်မှာစပြီးဆောင်ရွက်နေတဲ့ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဆောင်ရွက်သွားမယ်လို့ သမ္မတဦးသိန်းစိန်က ပြောသွားပါတယ်။ လာမယ့် ၅ နှစ် အတွင်း လူတဦးစီရဲ့ ပျှမ်းမျှ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (per capita GDP) ကို အခြေခံနှစ်ထက် ၁.၇ ဆ တိုးတက်စေဖို့ ရည်မှန်းထားပေမဲ့ အဲဒီထက်ပိုရအောင်ကြိုးစားသွားဖို့ ရည်မှန်းထားတယ်လို့ သမ္မတက ပြောသွားတာပါ။

"တွက်ချက်ရရှိထားတဲ့ GDP တိုးတက်မှုနှုန်းအရ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှာ ဖြစ်ပေါ်လာမယ့် ပြည်သူတွေရဲ့ တဦးချင်းပျမ်းမျှ GDP ဟာ အခြေခံနှစ်ထက် ၁.၇ ဆ ရရှိဖို့ တွက်ချက် ခန့်မှန်းထားသော်လည်းပဲ ကျနော်တို့ အစိုးရအနေနဲ့ကတော့ ပျမ်းမျှတဦးချင်း GDP ကို အခြေခံနှစ်ထက် ၃ဆ တိုးတက်အောင် ကြိုးစားသွားဖို့ ရည်မှန်းထားပါတယ်။ တနည်းအားဖြင့် ပြည်သူတွေရဲ့ စားဝတ်နေရေးလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်အောင် အမှန်တကယ် ဝင်ငွေတိုးအောင် ကြိုးစားပေး ရမှာ ဖြစ်ပါတယ်။"

ဒါဟာ လူတဦးချင်းရဲ့ ဝင်ငွေကို ၅ နှစ်အတွင်း ၃ ဆတိုးတက်အောင် လုပ်သွားမယ်လို့ ပြောတာဖြစ်တဲ့အတွက် ထူးခြားချက်တခုအဖြစ်မြင်သူကတော့ ဗဟုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သုတေသနမှူး ဦးအောင်သူငြိမ်းပါ။

"အထူးသဖြင့်တော့ဗျာ၊ ကျနော်တို့ တိုင်းပြည်မှာ အပြောင်းအလဲတွေ လုပ်တယ်ဆိုတော့ တကယ့်တကယ် အောက်ခြေလူထုက ဝန်ငွေများလာမှ အကျိုးစီးပွားခံစားရမယ့်ကိစ္စ အနေအထားမျိုးပေါ့။ အဲတော့ အစိုးရအနေနဲ့ကလည်း ဒါ လူတဦးချင်းရဲ့ဝင်ငွေကို ၃ ဆ အထိတိုးအောင် ရည်မှန်းချက်ထားတယ်ဆိုတဲ့သဘော ပြောတဲ့အခါကျတော့ အရင်ကလည်း ဒါမျိုးပြောတာ မကြားဖူးဘူး။ နောက်တခုကလည်း ကဲ.. ဒီလိုဖြစ်ဖို့ဆိုရင် ဘာတွေ လုပ်မလဲဆိုတာမျိုး စိတ်ဝင်စားစရာကောင်းပါတယ်"

သမ္မတရဲ့မိန့်ခွန်းပထမပိုင်းမှာ နိုင်ငံတော့အရ-အသုံးငွေစာရင်းနဲ့ပတ်သက်ပြီး ပြောသွားတဲ့ထဲ ၂၀၁၁-၂၀၁၂ မှာ လိုငွေ ကျပ်ဘီလီယံ ၂,၁၅၉.၅၃၄၊ ၂၀၁၂-၂၀၁၃ မှာ လိုငွေ ကျပ်ဘီလီယံ ၁,၉၅၃.၇၁၂ ရှိနေတာကို ထည့်ပြောသွားပါတယ်။ ဒါ့အပြင် နိုင်ငံခြားအကူအညီ အထောက်အပံ့ကိစ္စ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ မြေယာပြဿနာ၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည်အားဖြင့် အကျယ်တဝင့် ပြောသွားပါတယ်။

သမ္မတရဲ့မိန့်ခွန်းတခုလုံးကိုကြည့်မယ်ဆိုရင် လာမယ့်နှစ်တွေမှာစီးပွားရေးကဏ္ဍကို အထူးအာရုံစိုက်ပြီး ပြုပြင်ပြောင်းလဲသွားဖို့ အလေးထားပြောသွားတယ်လို့ မိန့်ခွန်းကို ကိုယ်တိုင်တက်ပြီး နားထောင်ခဲ့တဲ့ မြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အထွေထွေအတွင်းရေးမှူးဒေါက်တာမျိုးသက်ကVOA ကို ပြောပါတယ်။

"သမ္မတကြီးက လာမယ့်နှစ်တွေမှာ အထူးသဖြင့် စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အာရုံစိုက်ပြီး ပြုပြင်ပြောင်းလဲဖို့ အလေးထားပြောကြားသွားတာပါ..တခုလုံးခြုံလိုက်ရင်ပေါ့။ စီမံကိန်းတွေနိုင်ငံခြားရင်းနှီး မြှုပ်နှံမှုတွေကို နိုင်ငံအတွင်းမှာ ပြုပြင်ပြောင်းလဲစရာလေးတွေကို အထူးပြောင်းလဲဖို့၊ ပြည်နယ်နဲ့တိုင်းဒေသဆိုင်ရာ အကုန်လုံးကျနော်တို့ စီးပွားရေးအဖွဲ့တွေ အကုန်လုံးကိုရော ခေါ်ပြီး မှာကြားတာဖြစ်ပါတယ်။ အလွန်ကောင်းပါတယ်။ သမ္မတကြီးကတော့ ဒါ တော်တော်လေးကို နိုင်ငံအပေါ်မှာ တော်တော်အလေးထားပြီးတော့ ကောင်းစေချင်တာတွေကို ပိုပြီးတော့ ဖြစ်စေချင်တဲ့အတွက်ကြောင့်မို့လို့ နှောင့်နှေးနေတာတွေကြန့်ကြာနေတာတွေကိုအမြန်မောင်းနှင်အားတင်ပေးတာပေါ့နော်။ ဒီလို ကျနော်မြင်ပါတယ်။"

သမ္မတဟာ မြေယာပြဿနာ ဖြေရှင်းရေးကိစ္စနဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စတို့ကိုအတော်လေးအကျယ်တဝင့်ပြောဆိုသွားသလို အလုပ်သမားတွေရဲ့ အနိမ့်ဆုံးအခကြေးငွေဥပဒေရေးကိုလည်းရေးဆွဲသွားမယ်လို့ပြောခဲ့ပါတယ်။လျှပ်စစ်မီးကိစ္စ၊ အခြေခံလစာကိစ္စတွေကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း ဆန္ဒဖော်ထုတ်ပွဲတွေ၊ ဆန္ဒပြတောင်းဆိုပွဲတွေဖြစ်ခဲ့တာကို အသိအမှတ်ပြု ထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီခေတ်မှာ ပြည်သူ့ဆန္ဒဖော်ထုတ်တယ်ဆိုပြီး လမ်းမပေါ် လူအုပ်နဲ့ထွက်၊ အစုအဝေးနဲ့ သွေးထိုးမှုပါလာတဲ့အခါ လူအများရဲ့ အသက်အိုးအိမ်လုံခြုံမှု ထိခိုက်တဲ့ အထိဖြစ်သွားတတ်တာတွေကို သတင်းမီဒီယာတွေအပါအဝင် အားလုံးကကာကွယ်သွားဖို့ကိုလည်း တိုက်တွန်းခဲ့ပါတယ်။ ဒါပေမဲ့လည်း သမ္မတရဲ့မိန့်ခွန်းထဲမှာတခြားအရေးတကြီး လုပ်သင့်တဲ့ကိစ္စရပ်တချို့ မပါဝင်ခဲ့ဘူးလို့ ဦးအောင်သူငြိမ်းက ထောက်ပြပါတယ်။

"ပညာရေးကဏ္ဍကလည်း ဒီကနေ့ ကျနော်တို့တိုင်းပြည်မှာ ချွတ်ခြုံကျနေတာ ဘယ်လိုပြောင်းမလဲ ဆိုတာမျိုးကတော့ အရေးကြီးတယ်ထင်ပါတယ်။ နောက်တခုကတော့ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍပေါ့၊ အဲဒါနဲ့ ပတ်သက်လို့တော့ မိန့်ခွန်းထဲမှာ ကျနော် မတွေ့ဘူး။ Good Governance ခေါ်တဲ့ ကောင်းမွန်တဲ့ အစိုးရစနစ်ဖြစ်အောင် ဘယ် လိုလုပ်မလဲ..Clean Government စသဖြင့် ပြောတာတော့တွေ့ပါတယ်။ ဒါပေမဲ့ အကျင့်ပျက်ခြစားမှု ဘယ်လိုတိုက်ဖျက်မလဲဆိုတာမျိုးကို တိတိကျကျ ပြောတာမတွေ့ဘူးခင်ဗျ"

ပြည်သူတဦးချင်းရဲ့ စားဝတ်နေရေးလိုအပ်ချက်တွေကို ဖြည့်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၃ မှ

မြှုပ်နှံခဲ့ရင် ကျမတို့ ပြည်သူအားလုံးအတွက် တကယ့်အကျိုးအမြတ်တွေကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

ဗြိတိန်နိုင်ငံဟာ ဒီလုပ်ငန်းကဏ္ဍတွေမှာ ပွင့်လင်းမြင်သာမှုတွေကို ဆန်းစစ်လေ့လာရေးအဖွဲ့တခု မြန်မာနိုင်ငံကို ရှေ့လအတွင်း စေလွှတ်ဖို့ အဓိက လုပ်ဆောင်ပေးနေတာ တွေ့ရတယ်။ ဒါဟာ ရှေ့လာမယ့် ကာလတွေ အတွင်းကောင်းသောခြေလှမ်းတွေရဲ့ အစလို့ ကျမ မြင်ပါတယ်။

အောက်စဖို့ဒ်မှာ ပညာသင်ခဲ့စဉ်က ဗြိတိန်နိုင်ငံရေးသမားကြီး နှစ်ဦးရဲ့ အတွေးအခေါ်တွေက တဆင့် ပါလီမန်ဒီမိုကရေစီဆိုတဲ့ အကြောင်း ကျမပထမဆုံး နားလည်ခဲ့ရပါတယ်။ မဲဆန္ဒရှင်တွေရဲ့ ဆုံးဖြတ်ချက်အရ အုပ်ချုပ်သူတွေဟာ အာဏာကို ရယူရမယ်၊ စွန့်လွှတ်ရမယ် ဆိုတဲ့ အခြေခံအချက် ဖြစ်ပါတယ်။ ဒီစနစ်အတိုင်းရှေ့ဆက် သွားနေမယ်ဆိုရင် အချိန်နဲ့အမျှ အားလုံးအတွက် အခွင့်အရေးတွေမလွဲမသွေ ရကြရမှာပါ။ ဒီအခွင့်အလမ်းတွေကို ဗြိတိန်မှာတော့ အားလုံးရပြီး သားပါ။ မြန်မာနိုင်ငံမှာတော့ လွန်ခဲ့တဲ့ ၁၉၉၀ တုန်းက ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အနိုင်ရရှိခဲ့ပေမယ့် လွှတ်တော်ခေါ်ခွင့်တောင် မရခဲ့ပါဘူး။ ကျမအနေနဲ့ဒီလိုဖြစ်ရပ်ဆိုးတွေကို အတိတ်မှာဘဲ ချန်ထားခဲ့ချင်ပါတယ်။ ရှေ့အနာဂတ်မှာတော့ မြန်မာနိုင်ငံရဲ့ ပြောင်းလဲနေတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်မှာ လူထုရဲ့ဆန္ဒတွေကိုဘဲ သစ္စာရှိစွာ ဖြည့်ဆည်း ထင်ဟပ်လာပါ လိမ့်မယ်လို့မျှော်လင့်ပါတယ်။

အခုကျမ ဗမာပြည်က ထွက်လာတဲ့ခရီးစဉ်မှာ အတိတ်က အရိပ်တွေကို လွမ်းလွှတ်ဆွတ်ဆွတ် ပြန်ပြောင်းကြည့်ဖို့ မဟုတ်ပါဘူး။မြန်မာပြည်သူတွေရဲ့လက်မှာ ဘယ်လိုအခွင့်အလမ်းတွေ ရောက်လာနိုင်မလဲ ဆိုတာကို ရှာဖွေပေးဖို့ ခရီးစဉ်ဘဲ ဖြစ်ပါတယ်။ ဒီခရီးစဉ်တလျှောက်မှာ ကမ္ဘာ့ပြည်သူတွေက ကျမတို့ အပေါ် ဘယ်လောက်များ ထူးထူးခြားခြားနွေးနွေးထွေးထွေး ရင်ဖွင့်ကြိုဆိုခဲ့ကြတယ်ဆိုတာ မြင်ခဲ့ရပြီးပါပြီ။ ကမ္ဘာကြီးနဲ့ ဝေးနေခဲ့ရပြီး နောက်ပိုင်း အခုလို ကြုံရတဲ့အတွက် သိပ်လဲ စိတ်လှုပ်ရှားဝမ်းသာခဲ့ရပါတယ်။

ကမ္ဘာ့နိုင်ငံတွေဟာ မြန်မာနိုင်ငံနဲ့ ဝေးနေတာတောင်မှဘဲ တကယ့်အရေးကိစ္စတွေမှာ နီးစပ်ပါတယ်ဆိုတဲ့ အချက်ကို တွေ့ရပါတယ်။ မြန်မာပြည်သူတွေရဲ့ လိုလားချက်တွေကို သူတို့ နီးနီးစပ်စပ်သိကြပါတယ်။ ပထဝီဝင်အနေအထားအရ ကွာခြားမှုလူသားတွေလုပ် ထားတဲ့ အကာအရံ အတားအဆီး ဘယ်အရာကမှ ကျမတို့ကြားထဲမှာ တူညီတဲ့ တန်ဖိုးထားမှုတွေ အတွက် စည်းတားမထားနိုင်ပါဘူး။

ကျမ နေအိမ်အကျယ်ချုပ်ကျနေစဉ် ကာလတွေ အတွင်းမှာလည်း ဘီဘီစီတင်မက ကမ္ဘာ့အသံလွှင့်ဌာနတွေဟာ ကျမကို ကမ္ဘာကြီးနဲ့ အဆက်အသွယ်မပြတ်ရှိစေခဲ့ပါတယ်။ မိုးဇက်နဲ့ ရာဘီ ရှန်ကါရဲ့ ဂီတ၊ လူမျိုးဘာသာ ပေါင်းစုံက အမျိုးသမီး အမျိုးသားတွေရဲ့ကိုယ်ရေးရာဇဝင် စတာတွေကို ကြားနေခဲ့ရတာ ကျမအတွက် ဒီ ဒီမိုကရေစီရေးကြိုးပမ်းမှုမှာ အထီးကျန်တယောက်တည်း မဟုတ်ဘူးဆိုတာ ဖြေသိမ့်စေခဲ့ရပါတယ်။

နိုင်ငံတကာဆုတွေ ဂုဏ်ပြုမှုတွေ လက်ခံရရှိတယ်ဆိုတာကလည်း ကျမတယောက်တည်းအတွက်မဟုတ်ပါဘူး။ ဒါတွေဟာ အထီးကျန် ပိတ်ဆို့ခံထားရတဲ့ သူတယောက်အတွက် ကျန်တဲ့ကမ္ဘာကြီး နဲ့ ကူးလူးဆက်ဆံပေးနေတယ်ဆိုတဲ့ အခြေခံလူသားခြင်း စာနာတဲ့အသိအမှတ်ပြုမှုတွေပါဘဲ။ အခက်အခဲတွေ အများကြီးကြုံနေခဲ့ရတဲ့ ၁၉၉၀ နှစ်တွေတုန်းက ကျမကိုမိတ်ဆွေတယောက်က ကဗျာဆရာ အာ သာ ဟူဂျ်တပ်ချ်ရဲ့ ကဗျာတပုဒ်ပို့ပေးခဲ့ဖူးပါတယ်။ ကြိုးပမ်းမှုနဲ့ လိုအပ်ချက်တွေအကြောင်း ရေးထားတဲ့ ဒီကဗျာရဲ့ အစပိုဒ်လေးကို ဗြိတိန်နိုင်ငံရေးသမားကြီး ဝင်စတန်ချာချီကိုယ်တိုင်က နာဇီဂျာမဏီတို့ရဲ့ ရန်ကနေ ကူညီတွန်းလှန်ပေးဖို့အမေရိကန်ပြည်ထောင်စုကို မေတ္တာရပ်ခံခဲ့စဉ်မှာ သုံးခဲ့ဖူးတယ်ဆိုတာ အားလုံးသိပါလိမ့်မယ်။ ဒီနေ့မှာတော့ ကျမအနေနဲ့ ဒီကဗျာထဲက တခြားအပိုဒ်ကလေးတခုကိုဘဲ သုံးပြီးတော့ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အရှေ့နဲ့အနောက်ရဲ့ နိုင်ငံရေးအမြော်အမြင်တွေကို ပေါင်းစပ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူတွေအားလုံး ဒီမိုကရေစီအကျိုးအမြတ်တွေကို ခံစားနိုင်ဖို့ မေတ္တာရပ်ခံလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ အခုအချိန်ဟာ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးအချိန်ဖြစ်ပါတယ်။ လိုအပ်ချက်တွေ အများဆုံးရှိနေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဗြိတိန်နိုင်ငံနဲ့မိတ်ဆွေများကို မြန်မာနိုင်ငံရဲ့ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ မျှတတဲ့ လူ့ဘောင်ပေါ်ထွန်းရေးလုပ်ငန်းစဉ်မှာ ဝိုင်းဝန်းပါဝင်ကူညီပေးကြပါလို့ ပန်ကြားလိုပါတယ်။ အခုလို ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဒီမိုကရေစီခန်းမကြီး တခုမှာ လွှတ်တော်အဖွဲ့ဝင်တွေကို မိန့်ခွန်းပြောကြားခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျမတို့ နိုင်ငံဟာ လက်ရှိမှာတော့ စစ်မှန်တဲ့ ဒီမိုကရေစီလူ့ဘောင်ဆီကို မရောက်ရှိသေးပါဘူး။ ဒါပေမယ့်လည်း မကြာခင်မှာဘဲ အားလုံးရဲ့အကူအညီနဲ့ ရောက် နိုင်ပါ တော့မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ကျေးဇူး တင်ပါတယ်ရှင်။

(မိန့်ခွန်းမူရင်း ဗီဒီယိုကိုကြည့်ရှု၍ ဆီလျော်အောင် ဘာသာပြန်ထားခြင်းဖြစ်ပါသည်။)

လုပ်ခလစာတိုးရရေး အလုပ်သမားရေးရာခုံရုံး တင်ပြ

RFA ၊ ဇွန်လ ၁၈ ။ ။ ရန်ကုန် မင်္ဂလာဒုံစက်မှုဇုန်မှာရှိတဲ့ ဂျပန်အမျိုးသားပိုင် ဖာမိုဆိုအထည်ချုပ်စက်ရုံမှာ အလုပ်သမားတွေ လုပ်ခလစာတိုးတောင်းတာကို မလိုက်လျောတဲ့အတွက် ဒီကနေ့ရန်ကုန်တိုင်းအလုပ်သမားရေးရာခုံရုံးကို တင်ပြလိုက်ကြောင်း အလုပ်သမားခေါင်းဆောင်တွေက ပြောဆိုပါတယ်။ ၉ ရက်နေ့ကတည်းက စတင်တောင်းဆိုနေတာဖြစ်ပေမယ့် မလိုက်လျောတဲ့အတွက် အခုလို ဆက်လက်တင်ပြရတာဖြစ်ကြောင်း၊အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ကိုရဲလင်းစိုးက အခုလိုပြောပြပါတယ်။

“အခုက ကျွန်တော်တို့က မြို့နယ်ညှိနှိုင်းပေးတာ လုံးဝအဆင်မပြေတော့ တိုင်းခုံသမာဓိကို ကျွန်တော်တို့ တဆင့်တပ်တင်ရတာပေါ့။ ကျွန်တော်တို့က လက်ရှိအခြေခံလစာ ၁၄၅၀၀ ကို ထပ်မံတိုးမြှင့်ပေးဖို့ပေါ့နော်။ အခြေခံလစာကို ၃၀၀၀၀ အထိတိုး မြှင့်ပေးဖို့ ကျွန်တော်တို့က တောင်းဆိုထားတယ်လေ”

အလုပ်သမားရေးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရှိန်ဝင်ရောက်ညှိနှိုင်းပေးရာမှာ အဆင့် ၃ ဆင့်ခွဲပြီး ညှိနှိုင်းပေးခဲ့ကြောင်း၊ပထမအဆင့်က အမြင့်ဆုံးလုပ်ခ ၈ သောင်းကျော်၊ ဒုတိယအနေနဲ့ ၇ သောင်းကျော်၊ နောက်တစ်ဆင့်က ၆ သောင်းကျော်နဲ့ ညှိနှိုင်းပေးခဲ့ပါတယ်။

စာမျက်နှာ ၁၅ သို့

ဒေါ်အောင်ဆန်းစုကြည် အော့စဖို့ဒ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ လက်ခံယူ

VOA । ၂၁ဇွန်လ ၂၀ ။ ။ ဥရောပခရီးစဉ်အဖြစ် ဗြိတိန်နိုင်ငံမှာရောက်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာဒီကနေ့မှာတော့ အောက်စဖို့ဒ်တက္ကသိုလ်ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို အောက်စဖို့ဒ်တက္ကသိုလ်ကြီးက ဒီကနေ့ အခမ်းအနားနဲ့ ပေးအပ်ခဲ့ပါတယ်။ ဒီအခမ်းအနားမှာ မိန့်ခွန်းပြောတဲ့ ဒေါ်အောင်ဆန်းစုကြည်က သူတက္ကသိုလ်ကျောင်းသူဘဝကို လွတ်လွတ်လပ်လပ် ဖြတ်သန်းခဲ့ရတဲ့ အရသာကို မြန်မာနိုင်ငံက လူငယ်တွေကိုလည်း ခံစားစေချင်တယ်လို့ ပြောခဲ့ပါတယ်။ တချိန်က သူကျင်လည်ခဲ့ရာ အောက်စဖို့ဒ်တက္ကသိုလ်က အမှတ်ရစရာအကြောင်းတွေနဲ့အတူ မြန်မာနိုင်ငံက လူငယ်တွေအတွက် သူ့ရဲ့မျှော်လင့်ချက်တွေကို မိန့်ခွန်းထဲမှာ ကျယ်ကျယ်ဝံ့ဝံ့ပြော သွားခဲ့ပါတယ်။ အပြည့်အစုံကိုတော့ အောက်စဖို့ဒ်မြို့မှာကိုယ်တိုင်သတင်းယူနေတဲ့ ဒေါ်ခင်စိုးဝင်းက တင်ပြပေးထားပါတယ်။

အောက်စဖို့ဒ်တက္ကသိုလ် ဘွဲ့နှင်းသဘင် အခမ်းအနားကိုဒီကနေ့ မနက် ၁၁ နာရီခွဲမှာစတင်တာပါ။ အောက်စဖို့ဒ်တက္ကသိုလ်ရဲ့ အဓိပတိက ဦးဆောင်ပြီးတော့ ဘွဲ့နှင်းသဘင်အခမ်းအနားကိုကျင်းပခဲ့တာဖြစ်ပါတယ်။ ကမ္ဘာကျော် အောက်စဖို့ဒ်တက္ကသိုလ်ကြီးကတော့ ရှေးရိုးစဉ်လာမပျက်ခရာသံနဲ့အခမ်းအနားကို စပြီးဖွင့်ခဲ့ပါတယ်။ ဒီနေ့ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို လက်ခံရယူသူတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အားလုံးပေါင်း ၈ ဦးဖြစ်ပါတယ်။ ဘွဲ့လက်ခံမယ့်သူတွေက sheldonian theatre ခမ်းမကြီးထဲကိုဘင်ခရာသံတွေနဲ့အတူ စပြီးဝင်လာတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ရှေ့ဆုံးကဝင်လာတာဖြစ်ပါတယ်။

ဘွဲ့ဝတ်စုံအနီရောင်ကို ဝတ်ဆင်ထားပြီး ရင်ဖုံးအင်္ကျီအနက်နဲ့အနက်အောက်ခံယောထမီရောင်စုံပွင့်ထိုးကို ဝတ်ဆင်ထားတာတွေ့ရပါတယ်။ သူ့ရဲ့ရင်ဖုံးအင်္ကျီအနက်မှာတော့ ခွပ်ဒေါင်းပုံရင်ထိုးကို ဝံ့ဝံ့ကြွားကြွား တပ်ဆင်ထားတာ တွေ့ရပါတယ်။ ဘွဲ့အပ်နှင်း တဲ့အခမ်းအနားအပြီးမှာတော့ အောက်စဖို့ဒ်တက္ကသိုလ် အဓိပတိက ဒေါ်အောင်ဆန်းစုကြည်ကို မိန့်ခွန်းပြောဖို့ဖိတ်ကြားပါတယ်။ ကျမကိုယ်တိုင် တွေ့ရသလောက်ကတော့ ဒေါ်အောင်ဆန်းစုကြည်က ဘာစာရွက်မှ ကိုင်မထားဘဲနဲ့ လက်တန်းပြောသွားတာဖြစ်ပါတယ်။

အောက်စဖို့ဒ်တက္ကသိုလ်ကြီးက သင်ကြားပေးလိုက်တဲ့ Civilization of Huminity လို့ခေါ်တဲ့ လူ့ယဉ်ကျေးမှုပညာရပ်ဟာ သူ့အတွက် အကျိုးရှိတဲ့အကြောင်း အခုလို ပြောပါတယ်။

"အောက်စ်ဖို့ တက္ကသိုလ်နဲ့ပတ်သက်လို့ ကျမအတွက် အရေးအကြီးဆုံး အရာတခုကတော့ ကျောင်းသင်ခန်းစာ စာအုပ်တွေထဲကနေလေ့လာသင်ယူခဲ့ရတာတွေ သာမကပဲ လူ့ယဉ်ကျေးမှုထဲက အကောင်းဆုံးအရာတွေကို လေးစားတတ်ရမယ်ဆိုတာပဲ ဖြစ်ပါတယ်။ လူ့ယဉ်ကျေးမှုထဲက အကောင်းဆုံးအရာတွေဆိုတာဟာ ကမ္ဘာပေါ်က နေရာအသီးသီးက လာကြတာပါ။ ဒါတွေဟာ အောက်စဖို့ဒ် လောက်မှာပဲဖြစ်ဖြစ်၊ မြန်မာပြည်မှာပဲဖြစ်ဖြစ် တခြားတိုင်းပြည် တခုခုမှာပဲဖြစ်ဖြစ် အကန့်အသတ်နဲ့ရှိနေတာ မဟုတ်ပါဘူး။ လူ့ယဉ်ကျေးမှုရဲ့အကောင်းဆုံးအရာတွေကို အောက်စဖို့ဒ်မှာ သင်ယူခဲ့တာတွေက ကျမအတွက်တော့ အကောင်းဆုံးမဟုတ်တဲ့အရာတွေကို လက်ခံရင်ဆိုင်တဲ့နေရာမှာ ခံနိုင်ရည်ရှိအောင် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။"

အောက်စဖို့ဒ် တက္ကသိုလ် St. Hugh တက္ကသိုလ်ကောလိပ်ကျောင်းသားတွေကို သူ မနေ့က တွေ့ခဲ့ရတုန်းက သူငယ်ငယ်က အဲဒီ St. Hugh ကောလိပ် ပရဂုဏ်ထဲမှာ ပျော်ရွှင်လွတ်လပ်စွာ စာသင်ခဲ့ရတဲ့အဖြစ်ကလေးတွေ၊ မတူကွဲပြားတဲ့အမြင်တွေကို သူငယ်ချင်းတွေနဲ့ဖလှယ်နိုင်ခဲ့တာ၊ နောက် မြန်မာပြည်က တက္ကသိုလ်တွေရဲ့ကမ်းပတ်စ်လိုက်ဖ် (Campus Life) လို့ခေါ်တဲ့ပရဂုဏ်ထဲမှာကျောင်းသားတွေလွတ်လွတ်လပ်လပ် မခံစားကြရတဲ့အဖြစ်နဲ့နှိုင်းယှဉ်ရင်း အခုလိုပြောပြပါတယ်။

"လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်း မြန်မာနိုင်ငံနဲ့ပတ်သက်လို့ စိတ်မကောင်းစရာအဖြစ် ကျမတွေးမိတာကတော့ ကျောင်းသားတွေအတွက် တက္ကသိုလ်ပရဂုဏ်မှာ ကျင်လည်ရတဲ့ ဘဝတွေကင်းမဲ့နေတာပဲဖြစ်ပါတယ်။ ကျောင်းပရဂုဏ် ဘဝဆိုတာဟာလူငယ်တွေအတွက် သူတို့ကိုယ်ပိုင်ကမ္ဘာကို ဖန်တီးဖို့၊ ဒါမှမဟုတ်ရင်လည်း ကမ္ဘာကို သူတို့ကိုယ်ပိုင်ဖြစ်အောင် ဖန်တီးနိုင်တဲ့ အဓိပ္ပါယ်ဆောင်ပါတယ်။ ဒီလို လုပ်ဖို့အတွက် သူတို့မှာ လွတ်လပ်ခွင့်နဲ့ နေရာလည်းရှိပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်း ကျမတို့ မြန်မာနိုင်ငံက လူငယ်တွေမှာတော့ လွတ်လပ်ခွင့်တွေလည်း မရှိကြပါဘူး။ ကျောင်းသားတွေ စည်းကမ်းတကျ ဖြစ်ဖို့လိုတယ်ဆိုတဲ့အမြင်မျိုးနဲ့ ထိန်းထားချင်တဲ့အတွက် တက္ကသိုလ်ဘဝတွေဟာ ပြိုကွဲခဲ့ရပါတယ်။ ဒါဟာ မဖြစ်နိုင်တဲ့ကိစ္စပါ၊ ကျောင်းသားဆိုတာမျိုးက ဒီလို ထိန်းထားလို့မရပါဘူး။"

အဲဒီနောက်မှာတော့ ဟာသလေးနှောပြီး ပြောသွားတာ တခုရှိပါတယ်။ သူက လန်ဒန်မြို့ ကနေ အောက်စဖို့ဒ်မြို့ကို ကားနဲ့လာတော့ ကားလမ်းက ချောမွေ့ပြေပြစ်နေတာ တွေ့ရပါတယ်- တဲ့။ မြန်မာပြည်က လမ်းတွေက ကြမ်းတမ်းပေမဲ့ သူကတော့ ခံနိုင်ရည်ရှိပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ကားလမ်းကချောပေမဲ့ ကားတော့မူးတယ်လို့ ဟာသနှောပြီး ပြောသွားပါတယ်။ ဟာသရဲ့နောက်မှာတော့ မြန်မာပြည်ရဲ့ အနာဂတ်လမ်းခရီးဟာလည်းတလက်မချင်းစီပြုပြင်ပြီး ချောမွေ့အောင် လုပ်ရလိမ့်မယ်လို့ အခုလို ပြောပါတယ်ရှင်။

"မြန်မာနိုင်ငံဟာ အခုအခါလမ်းကြောင်းတခုပေါ်မှာ စပြီး လျှောက် လှမ်း နေပါတယ်။ ဒီလမ်းဟာ အင်္ဂလန်မှာ တွေ့နိုင်တဲ့အဖြောင့်ဖြူးဆုံး လမ်းမျိုးတော့မဟုတ်သေးပါဘူး။ ချောချောမွေ့မွေ့ မဟုတ်သလို၊ ကျကျနန ပြုပြင်ထိန်းသိမ်းတာမျိုးလည်း မရှိပါဘူး။ တကယ်တော့ ခရီးက ရောက်တောင် မရောက်သေးပါဘူး။ လမ်းကြောင်းကို ကျမတို့ ဖာသာ ဖောက်ကြရမှာပါ။ ဒီလမ်းပေါ်မှာ ကျမတို့ လျှောက်လှမ်းနေတဲ့ တချိန်တည်းမှာပဲ ကိုယ်တိုင် ဖောက်လုပ်သွားကြရမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာ မြန်မာနိုင်ငံအတွက် မျှော်လင့်ချက်တွေ ကြီးကြီးမားမားထားနေသူတွေလည်း အများအပြားရှိနေပါတယ်။"

ဒါနဲ့တဆက်တည်းမှာပဲ မနေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၇ နှစ်မြောက် မွေးနေ့၊ ဂျွန်လ ၁၉ ရက်နေ့မှာတော့ တိဘက်ဘုန်းတော်ကြီး ဒလိုင်လားမားကလည်း ဗြိတိန်နိုင်ငံကို ရောက်နေတာနဲ့ကြုံကြိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံနှုတ်ဆက်သွားတယ်ဆိုတာကို ကြားသိရပါတယ်ရှင်။

ပြုပြင်ပြောင်းလဲရေး လိုအပ်ချက်တွေ ဒေါ်အောင်ဆန်းစုကြည် ထောက်ပြ

VOA ၊ ဂျွန်လ ၁၉ ။ ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့မှာပဲ လန်ဒန်စီးပွားရေးတက္ကသိုလ်မှာ ပြုလုပ်တဲ့ နီးနောဖလှယ်ပွဲတက်ရောက်ခဲ့ပြီးတော့ အဲဒီနီးနောဖလှယ်ပွဲ အတွင်းမှာပဲ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေမှာ အခြေခံကျကျ အပြောင်းအလဲတွေ လိုအပ်နေတုန်းပဲဖြစ်သလို ဒီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ လူထုကိုပါအကျိုးရှိစေမယ့်အစီအစဉ်တွေဖြစ်ဖို့လိုအပ်မယ်လို့လည်းပြောဆိုခဲ့ပါတယ်။ အပြည့်အစုံကိုတော့ ကိုအောင်လွင်ဦးက ပြောပြပေးမှာဖြစ်ပါတယ်။

မကြာသေးခင်ကရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့သွေးထွက်သံယိုတိုက်ခိုက်မှုတွေလို ပြဿနာမျိုးတွေဟာ တရားဥပဒေစိုးမိုးရေး အပါအဝင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ အရေးတကြီးလုပ်ဖို့ လိုအပ်ချက်တွေ ရှိနေတယ်ဆိုတာကို ပြသနေတယ်လို့ ဥရောပ ၅ နိုင်ငံခရီးစဉ်အဖြစ် ဗြိတိန်နိုင်ငံမှာ ရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တာဖြစ်ပါတယ်။ လူပေါင်း ၅၀ ထက်မနည်း သေဆုံးပြီး၊ အများအပြား ထိခိုက်ဒဏ်ရာတွေ ရခဲ့သလို၊ ထောင်သောင်းချီ အိုးအိမ်စွန့်ခွာထွက်ပြေးရတဲ့ ပြဿနာတွေရဲ့ အခြေခံဟာ တရားဥပဒေစိုးမိုးမှုအားနည်းတဲ့ အတွက်ဖြစ်တယ်လို့ လန်ဒန် စီးပွားရေးတက္ကသိုလ်က နီးနောဖလှယ်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တာပါ။

"တရားဥပဒေ စိုးမိုးရေးအပေါ်မှာ အခြေခံဆောင်ရွက်နိုင်ပါတယ်။ ဒီနေရာမှာလည်း အပိုင်း ၂ ပိုင်း ရှိပါတယ်။ ပထမတခုကတော့ နိုင်ငံသားဥပဒေနဲ့သတ်မှတ်ချက်တွေပါ။မြန်မာနိုင်ငံကနိုင်ငံသားအဖြစ် သတ်မှတ်ချက် ဥပဒေဟာ ဘယ်လိုပုံစံမျိုးလဲ၊ ဒါတွေဟာ တရားမျှတမှုရှိရဲ့လား၊ ဒါတွေဟာ နိုင်ငံတကာက လက်ခံထားတဲ့ စံတွေနဲ့ ညီရဲ့လား ဆိုတာတွေက တပိုင်းဖြစ်ပါတယ်။ နောက်တပိုင်းကတော့ လုပ်ထုံးလုပ်နည်းတွေမှာပါ။ လူဝင်မှု ကြီးကြပ်ရေး အာဏာပိုင်တွေဘယ်လိုလုပ်ကိုင်နေကြသလဲ၊ ရဲတပ်ဖွဲ့က ဘာတွေလုပ်နေလဲ၊ တရားရုံးတွေကရော ဘယ်လိုလုပ်ကိုင်နေသလဲဆိုတာတွေပါ။ ကျမတို့ အနေနဲ့ နိုင်ငံမဲ့ဖြစ်နေရသူတွေ ဘယ်လိုကြောင့် ပေါ်ပေါက်လာရသလဲ ဆိုတာကို ကျမတို့ အနေနဲ့ တိတိကျကျ သိလိုတယ်ဆိုရင် ဒီအပိုင်း ၂ ပိုင်းဟာ မရှိမဖြစ် ဖော်ထုတ်ဖို့ အရေးကြီးပါတယ်။"

တရားဥပဒေ စိုးမိုးမှုကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်တယ်ဆိုတာမျိုးကို လက်တွေ့မြင်တွေ့ဖို့ လိုအပ်တဲ့အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည် ကပြောသွားပါတယ်။ တရားဥပဒေစိုးမိုးရေးအဖြစ် ခေါင်းစဉ်ပေးထားတဲ့ လန်ဒန်စီးပွားရေးတက္ကသိုလ်က ဆွေးနွေးပွဲအတွင်း ပါဝင်သူ တဦးဖြစ်တဲ့ ဒေါက်တာဇာနည်ကတော့မကြာသေးခင်တုန်းက ရခိုင်ပြည်နယ်တွင်း ပဋိပက္ခတွေဟာ အစိုးရအဆက်ဆက်က လုပ်ရပ်တွေရဲ့ဆိုးကျိုးတွေအဖြစ် ပြောဆိုခဲ့တာပါ။

"နိုင်ငံမဲ့ဖြစ်ရတဲ့ ကိစ္စဟာ အစိုးရတွေရဲ့ လုပ်ရပ်တွေက ထွက်ပေါ်လာတဲ့အကျိုးဆက်ဖြစ်ပါတယ်။လူထုနဲ့လူမှုအသိုင်းအဝိုင်းကြောင့်မဟုတ်ပါဘူး။ အစိုးရတွေ အနေနဲ့ လူမျိုးရေး ဘာသာရေး အခြေခံတဲ့ ပြဿနာတွေ တခါတလေ မုန်းတီးမှုတွေကိုလည်း နိုင်ငံရေးအရအမြတ်ထွက်ဖို့ ကြိုးပမ်းတဲ့ အနေနဲ့ ဖန်တီးလေ့ရှိပါတယ်။"

မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်ကစလို့ အစိုးရသစ်အဖြစ် တက်လာပြီးနောက်မှာတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ လုပ်ဆောင်သွားမယ်လို့ကြေညာခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ လူတချို့အတွက်အကျိုးရှိမယ့် ပြုပြင်ပြောင်းလဲရေးမျိုး မဖြစ်ဖို့ လိုမယ်လို့သတိပေးပါတယ်။

"ပြုပြင်ပြောင်းလဲရေးဟာတရားဥပဒေစိုးမိုးရေးအပေါ်မှာအခြေခံတယ်ဆိုတာကို ကျမတို့ သိရဖို့ လိုပါတယ်၊ ပြုပြင်ပြောင်းလဲရေးဟာ မျှမျှတတဖြစ်ရမယ်၊ ပြုပြင်ပြောင်းလဲမှုတွေဟာ လူတချို့ကို အကာအကွယ်ပေးတာမျိုး၊ လူတချို့နေရာရအောင် အသုံးချတာမျိုးမဖြစ်သင့်ပါဘူး။"

နှစ်ပေါင်း ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ် ပြည်ပခရီးစဉ်အဖြစ် သီတင်း ၃ ပတ်နီးပါးကြာ ထွက်လာတဲ့ ဒီခရီးစဉ်အတွင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက ထင်ရှားသူတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြတာပါ။ ခရီးစဉ်အစအဖြစ် ဆွစ်ဇာလန်နိုင်ငံကို သွားရောက်ခဲ့သလို နော်ဝေနိုင်ငံမှာလည်း ၁၉၉၁ ခုနှစ်ကတည်းက ချီးမြှင့်ခံထားရတဲ့ ငြိမ်းချမ်းရေး နိုဘဲလ်ဆုကို လက်ခံရယူခဲ့တာဖြစ်ပါတယ်။ တနင်္လာနေ့မှာတော့ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ Amnesty International ရဲ့ အမြင့်ဆုံးဆုအဖြစ် ယုံကြည်မှုဆိုင်ရာဂုဏ်ထူးဆောင် သံအမတ်ကြီးဆုကို အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့မှာ ကမ္ဘာကျော် U2 တေးဂီတအဖွဲ့က အဆိုတော် Bono က ချီးမြှင့် ခဲ့တာကို အခမ်းအနားနဲ့လက်ခံရယူခဲ့တာပါ။ အင်္ဂါနေ့မှာ ကျရောက်တဲ့ ၆၇ နှစ်မြောက်မွေးနေ့ကိုတော့ ဗြိတိန်နိုင်ငံမှာ ကုန်လွန်ဖို့ရှိပြီး ဗြိတိန်ပါလီမန်မှာလည်း စကားပြောဆိုဦးမှာ ဖြစ်သလို ၂၄ ရက်နေ့ ခရီးစဉ် အဆုံးမသတ်မီမှာတော့ ပြင်သစ်နိုင်ငံကို ဝင်ရောက်ဦးမှာလည်းဖြစ်ပါတယ်။

အဲန်ဒီအက်ဖ်ပါတီ ဖွဲ့စည်းပုံ ပြောင်းလဲဖွဲ့စည်း

Mizzima ၊ ဂျွန်လ ၁၈ ။ ။ အမျိုးသား ဒီမိုကရေစီအင်အားစု NDF ပါတီ၏ဥက္ကဋ္ဌအဖြစ် နိုင်ငံရေးခေါင်းဆောင်ဦးခင်မောင်ဆွေအားတာဝန်ပေးအပ်ပြီး ပါတီကို ပြန်လည်ဖွဲ့စည်းလိုက်သည်။

တနင်္ဂနွေနေ့ကရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်တွင်ကျင်းပသည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်လိုက် ခြင်းဖြစ်သည်။ အသစ်ဖွဲ့စည်းလိုက်သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွင် ဒု-ဥက္ကဋ္ဌဦးစိုးဝင်း၊ အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်နှင့် ဘဏ္ဍာရေးမှူးဦးကြည်သန်းတို့ ပါဝင်ကြသည်။

ပါတီစတင်တည်ထောင်စဉ်က ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူ ဒေါက်တာသန်းငြိမ်းမှာ ပါတီခေါင်းဆောင် အဖြစ်ပြောင်းလဲတာဝန်ယူသည်။ ဦးခင်မောင်ဆွေ ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသည့် ပါတီမူဝါဒရေးရာကော်မတီကိုလည်း အဆိုပါ အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်၍ ၂၀၁၀ ဇန်နဝါရီလ အတွင်းက ဖွဲ့စည်းခဲ့သည့် NDF ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒု-ဥက္ကဋ္ဌ ဒေါက်တာလှစိုးညွန့်၊ ဦးမြင့်သွင်၊ ဦးမျိုးဇော်အောင်၊ ဒေါက်တာသန်းဝင်း၊ ဦးမြင့်ဌေး၊ ဦးခင်မောင်ဝင်း၊ ဦးသောင်းထွန်းတို့မှာ ပါတီမှ နုတ်ထွက်ခဲ့ကြသည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံတဝှမ်း ကျောင်းသားသမဂ္ဂတွေ ဖွဲ့ထားကြောင်း ကိုကျော်ကိုကို ပြော

DVB ၊ ဂျွန်လ ၁၇ ။ ။ မြန်မာနိုင်ငံတဝှမ်းလုံးက တိုင်းအားလုံးနီးပါးမှာ ကျောင်းသားသမဂ္ဂတွေကို ဖွဲ့စည်းထားပြီလို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂပေါ်ပေါက်ရေး ကြိုးပမ်းနေတဲ့ ဗကသ (ဗဟို) ရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုကျော်ကိုကိုကပြောပါတယ်။

တနင်္သာရီတိုင်းကလွဲလို့ တိုင်းအားလုံးနဲ့ ပြည်နယ်တွေမှာဆိုရင် ရှမ်းနဲ့ မွန်ပြည်နယ်တွေမှာ ဖွဲ့စည်းထားပြီလို့ ဆိုပါတယ်။

"ခရိုင်အနေနဲ့ ၁၆ ခရိုင်လောက်ရှိပြီ၊ ဒီနေ့တောင်ဒဂုံတင်မကဘူး ရှမ်းပြည်မြောက်ပိုင်းမှာလည်း လားရှိုးအခြေစိုက် သမဂ္ဂတခုဖွဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်းသမဂ္ဂကို လားရှိုးမှာဖွင့်လိုက်ပြီလို့သတင်းရတယ်။ ပြည်နယ်တွေမှာက အထူးသဖြင့် ရှမ်းပြည်နယ် တောင်ကြီးနဲ့ လား ရှိုး ၂ ခုမှာ ရှမ်းပြည်၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာ ဖွဲ့နိုင်တယ်။

မော်လမြိုင် မွန်ပြည်နယ်မှာ မွန်ကျောင်းသားတွေ မွန်တိုင်းရင်းသားလူငယ်တွေပါတဲ့ ကျောင်းသားတွေနဲ့ မော်လမြိုင်မြို့မှာ ရှိတဲ့ ကျောင်းသားတွေကို စည်းရုံးထားတယ်။ သူတို့ကလည်း ဖွဲ့ဖို့ဆန္ဒရှိကြတယ်။ လာမယ့် ၇ လပိုင်းမှာ ဖွဲ့ဖို့များတယ်။ ကျန်တဲ့တိုင်းတွေမှာ အသစ်တခုထပ်ရမှာက တနင်္သာရီတိုင်း ထားဝယ်ပေါ့၊ ထပ်ဖွဲ့ဖို့ရှိတယ်။ အဆင်သင့်ဖြစ်ရင် သွားပေးရမယ်။ ရခိုင်ပြည်နယ်ဘက်ကိုလည်းသွားဖို့အစီအစဉ်ရှိတယ်။ အခြေအနေပေါ်မူတည်ပြီး ခေတ္တစောင့်ကြည့်နေတာပါ။"

DVB ။ ။ အခုဖွဲ့တာက ကျောင်းတက်နေတဲ့ ကျောင်းသားတွေနဲ့လား

ကိုကျော်ကိုကို ။ ။ "ဟုတ်ပါတယ်။ ကျောင်းတက်နေတဲ့ကျောင်းသားတွေနဲ့ပါ၊ အများစုကတော့ နည်းပညာတက္ကသိုလ် ကျောင်းသားတွေများတယ်၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်က ကျောင်းသားတွေပါတယ်။"

DVB ။ ။ ကျောင်းပြန်တက်ခွင့်ရတယ်ဆိုတဲ့ အနေအထားက တကယ်လားဗျ။

ကိုကျော်ကိုကို ။ ။ "ကျောင်းပြန်တက်ခွင့်ကို အခုချိန်ထိ တိတိကျကျ သိခွင့်မရသေးဘူး။ ပြန်တက်ခွင့်ရတဲ့လူတွေကလည်း မော်ကွန်းထိန်းအဆင့်က ခေါ်ပြောတယ်လို့ပဲကြားတယ်။ ဘယ်အချိန်မှာပြန် အပ်ရမယ်၊ ဘယ်အချိန်မှာ ဘယ်လိုလုပ်ငန်းစဉ်တွေနဲ့ အချိန်တွေနဲ့ လုပ်ရမယ်ဆိုတာ အတိအကျ မလာသေးဘူး။

နောက်တချက်ကကျောင်းပြန်တက်ခွင့်ရလည်းခံဝန်ကတိတွေ၊ ခံဝန်ချုပ်တွေလက်မှတ်ထိုးရတာတွေနဲ့ သမဂ္ဂအဖွဲ့နဲ့ကင်းရှင်းကြောင်းဆိုတဲ့ ဟာမျိုးတွေ ချုပ်ချယ်ထားတယ်ဆိုရင် ကျနော်တို့အဖွဲ့တွေက ကျောင်းပြန်တက်ဖို့ အစီအစဉ်တွေကို အဲဒီပုံစံနဲ့ ဆိုရင်တော့လက်ခံမှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားပါတယ်။"

DVB ။ ။ အခုကျောင်းပြန်တက်ဖို့ဆိုတဲ့ သမဂ္ဂ ခေါင်းဆောင်တွေထဲမှာ ဘယ်နှစ်ယောက်လောက် ရှိနေလဲခင်ဗျ။

ကိုကျော်ကိုကို ။ ။ "အခုချိန်မှာ ကျောင်းပြန်တက်ဖို့ ကြိုးစားနေတဲ့ သမဂ္ဂခေါင်းဆောင်တွေထဲမှာအဝေးသင်တက်မယ်ဆိုရင်တော့ ဘယ်ကျောင်းသားမဆို လက်ခံတယ်။ နေ့ကျောင်းပြန်တက်ဖို့ ကြိုးစားတဲ့သူတွေတော့ လက်သင့်မခံသေးဘူး။ ကျနော်တို့ထဲမှာ နေ့ကျောင်းတက်ဖို့ လျှောက်ထားတာ ၃ ၊ ၄ ယောက်လောက်ရှိတယ်။

ဒါက ဗဟိုလုပ်ငန်းကော်မတီက ပြောတာ။ ပြန်တက်တဲ့ကျောင်းသားတွေကတော့ အကျဉ်းထောင်က လွတ်လာတာမဟုတ်ဘဲနဲ့ လက်ရှိကျောင်းတက်နေတဲ့ ကျောင်းသားတွေဖြစ်တဲ့အတွက် ခရိုင်အသီးသီး၊ နယ်အသီးသီးက ကျောင်းသားတွေက ပြန်အပ်စရာမလိုပဲ သူ့ဟာသူ ဆက်တက်နေတဲ့အတန်းကို ပုံမှန်ဆက်သွားနေတာပါ။"

DVB ။ ။ ကိုကျော်ကိုကိုကော ပြန်တက်ဖို့ ရှိပါသလား။

ကိုကျော်ကိုကို ။ ။ "ပြန်တက်ခွင့်ရမယ်ဆိုရင်တော့ မဟာတန်းအလွန်ဆိုတော့ နောက်ထပ် လေ့လာစရာ အမ်ဘီအေလိုမျိုး၊ မဟာစီးပွားရေးပညာပေါ့၊ အဲဒါကို ဆက်လေ့လာမယ်ဆိုရင်တော့ ရမယ်။ လောလောဆယ်မှာ ပြီးခဲ့တဲ့ မဟာတန်းရဲ့ဘွဲ့ကိုတောင် မရသေးဘူးဖြစ်နေတယ်။"

DVB ။ ။ ဘွဲ့လက်မှတ်က သူတို့မထုတ်ပေးသေးတာလား။

ကိုကျော်ကိုကို ။ ။ "ဘွဲ့လက်မှတ်က သူတို့အခုထိ ထုတ်မပေးသေးတာ။"

ဒီနေ့မှာပဲ ဖွဲ့စည်းလိုက်တဲ့ ပဲခူးတိုင်း၊ တောင်ငူ ကျောင်းသားသမဂ္ဂရဲ့ဥက္ကဋ္ဌ ကိုကောင်းထက်ကျော်က ကျောင်းသားအခွင့်အရေးအတွက် ကြိုးပမ်းသွားမယ့်အကြောင်း ပြောပါတယ်။

"ကျနော့်အနေနဲ့ခရိုင်ကယူတဲ့အခါမှာ ကျနော်တို့ ဒီခရိုင်အတွင်းမှာရှိတဲ့ ကျောင်းတွေမှာရှိတဲ့ ကျောင်းသားတွေရဲ့ ဆုံးရှုံးတဲ့အခွင့်အရေးတွေကို ဗကသအနေနဲ့ တောင်းဆိုပေးမယ်။ လက်ရှိမှာလည်း တောင်းဆိုထားတာတွေရှိတယ်။ ကျနော်တို့ ကျောင်းဖယ်ရီတွေ မလောက်တဲ့ကိစ္စ၊ ကျောင်းသားတွေ မိုးရေထဲမှာ အနောက်ကနေခိုစီးရတယ်။

ကျောင်းသူတွေကို အဝင်ခံပြီး ကျောင်းသားတွေကို အတွင်းထဲအဝင်မခံဘူး။ ဒါတွေကိုလည်း ဦးတည်သွားမယ်။ သွားလာရ ခက်ခဲတာတွေကို တောင်းဆိုသွားမယ်။ ပြီးတော့ ဂျီတီစီ (နည်းပညာတက္ကသိုလ်) ပေါ့၊ အဲဒီအနီးအနားမှာ ကေတီဗွီတွေ ဖွင့်ထားတာ အဲဒါတွေကို ပိတ်ပေးစေချင်တယ်။

ဘာလို့လည်းဆိုတော့ မြို့သစ်ဆိုတာ လူမရှိဘူး၊ ကျောင်းသားတွေပဲရှိတယ်။ ဒီနေရာမှာလာဖွင့်တော့ ကျောင်းသားတွေရဲ့ အညွန့်ကိုချိုးသလို ကျနော့်အနေနဲ့ ယူဆမိလို့ ဒါတွေကိုလည်း ပိတ်ပင်ပေးဖို့ ကျနော့်အနေနဲ့ တောင်းဆိုသွားမယ်။"

စာမျက်နှာ ၄ မှ

ဆည်းပေးရမယ့်တာဝန်ဟာ အစိုးရ တဖွဲ့လုံး အပေါ်မှာ တာဝန်ရှိတယ်ဆိုတာကို သမ္မတက သတိပေးပြောဆိုခဲ့ပြီး အောက်ခြေအထိ ဆင်းပြီးဆောင်ရွက်ကြဖို့ တာဝန်ရှိသူတွေကို ညွှန်ကြားခဲ့ပါ တယ်။

မိန့်ခွန်းကို နေပြည်တော်၊ သမ္မတအိမ်တော်မှာ ပြောဆိုခဲ့တာဖြစ်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်တွေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဥက္ကဋ္ဌတွေ၊ ဒုတိယဝန်ကြီးတွေ၊ ဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတွေက တာဝန်ရှိသူတွေတက် ရောက်နားထောင်ခဲ့ပြီး တနိုင်ငံလုံးကို ရုပ်မြင်သံကြား ကနေတိုက်ရိုက်ထုတ်လွှင့် ခဲ့ပါတယ် ခင်ဗျား။



ဂျွန် ၁၇ ၊ DVB ။ ။ ကျောက်တော်မြို့နယ် ရခိုင်ရွာသား ၅၀၀ ခန့်သည် ယမန်နေ့ကဖမ်းထားသော ရွာသား ၉ ဦးအား ပြန်လွှတ်ရန် ဆန္ဒပြ တောင်းဆို၏။

ဂျွန် ၁၇ ၊ OSLO ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ကြက်သရေမင်္ဂလာနှင့်သတ္တိသည် ခွေယိုင်နေသောကမ္ဘာကြီးအား ဒီမိုကရေစီလမ်းကြောင်းပေါ် သို့ လမ်းညွှန်ပေးနေကြောင်း ဘိုနိုမှ အောင်စလို ငြိမ်းချမ်းရေးဖိုရမ်တွင်ဆို၏။

ဂျွန် ၁၈ ၊ DVB ။ ။ ကျောက်တောမြို့နယ်တွင် ရခိုင်ရွာသူ ၁၂ ခန့်အား အာဏာပိုင်များမှ ထိန်းသိမ်းသဖြင့် ဒေသခံ ၅၀၀ ခန့်ဆန္ဒပြ၏။

ဂျွန် ၁၈ ၊OSLO, Norway AP ။ ။ တနာရီခန့်မေးမြန်းခန်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အဆိုကျော် U2 မှ ဘိုနိုနှင့်တွဲဖက်၍ ဖြေဆို၏။ ဘို နိုသည် ဒေါ်အောင်ဆန်းစုကြည်အား သူပိုင် ဂျက်လေယာဉ်ဖြင့် Dublin သို့ အတူလိုက်ရန် ဖိတ်ကြားခေါ်ဆောင်သွားမည်။

ဂျွန် ၁၈၊ BBC။ ။ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာအမျိုးသမီးတဦးအား အဓမ္မပြုကျင့်ပြီး သတ်ခဲ့သူနှစ်ဦးအား တရားရုံးမှ သေဒဏ် အပြစ်ပေးချမှတ်၏။ ထောင်ထဲတွင် သေဆုံးသူ တတိယတရားခံအား ကွယ်လွန်ပြီးနောက်တွင် ပြစ်မှုချမှတ်ခဲ့၏။

ဂျွန် ၁၈ ၊ BERGEN၊ Norway ။ ။ ဒေါ်အောင်ဆန်းစုကြည်သည်နော်ဝေရောက် မြန်မာဒုက္ခသည်များနှင့်တွေ့ဆုံကာ စည်းလုံးညီညွတ်ပြီး (မြန်မာ ပြည်) ငြိမ်းချမ်းရေးရရှိရေး ထောက်ခံကြရန်ပြောကြား၏။

ဂျွန် ၁၈ ၊ ITV ။ ။ Freedom of the City of Dublin ဆုကို ပေးအပ်ခြင်းခံခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်အား အိုင်ယာလန်နိုင်ငံခေါင်းဆောင် များနှင့် ပြည်သူများမှ ကြိုဆို၏။

ဂျွန် ၁၈ ၊ Independent ။ ။ ပြုပြင်ပြောင်းလဲနေသော မြန်မာအပေါ် အခြေအမြစ်ခိုင်သော အမြင်ရှုထောင့်မှ ရှုကြည့်ကြရန် ကမ္ဘာ့နိုင်ငံခေါင်း ဆောင်များသို့ ဒေါ်အောင်ဆန်းစုကြည်မှ တောင်းဆိုအကြံပြု၏။

ဂျွန် ၁၈ ၊ AsiaOne ။ ။ မြန်မာနှင့် နယ်နမိတ်တွင် အစောင့်အကြပ်ပိုထားရန် ဘင်္ဂလာဒေ့ရှ်နိုင်ငံသားများမှတောင်းဆို၏။

ဂျွန် ၁၈ ၊ FJORD TOWN, Norway ။ ။ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏လွတ်မြောက်ရေးကြိုးပမ်းမှုနှင့် အဆက်အစပ်ရှိသော နော်ဝေရှိ ဖ ဂျော့ဒ်မြို့သူမြို့သားထောင်ချီ၍ သူမအား ကြိုဆို၏။

ဂျွန် ၁၈ ၊ OSLO ။ ။ နိုင်ငံရေးအကျဉ်းသား မြောက်မြားစွာ ထပ်လွှတ်ရန် ပြင်ဆင်နေကြောင်း မြန်မာဝန်ကြီးမှဆို၏။

ဂျွန် ၁၈ ၊ **ယူပီအိုင်သတင်း** ။ ။ မြန်မာတွင် လုပ်ကိုင်နေသော သဘာဝဓါတ်ငွေ့လုပ်ငန်းများ ပိုမိုမြင်သာပွင့်လင်းစွာ ထုတ်ပြန်ကြရန် EarthRights International မှ တိုက်တွန်းကြောင်း။

ဂျွန် ၁၈ ၊ Sun Daily ။ ။ ရွေးကောက်ပွဲ ပေးမဲအချို့ပေါ် ဖယောင်းသုတ်ထားသည်ဟု ပြောဆိုခဲ့မှုအတွက် အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိ ဦးညာဏ်ဝင်း သည် ဂျွန် ၂၆ နေ့ အမှုရက်ချိန်းရှိပြီး စွပ်စွဲအပြစ်ပေးခံရလျှင် ထောင် ၆ လ ကျနိုင်ကြောင်း။

ဂျွန် ၁၈ ၊ Pakistan Daily Times ။ ။ ၂၀၁၅ ရွေးကောက်ပွဲအချိန်မှီ မြန်မာသည် နိုင်ငံရေးလွတ်လပ်မှု အပြည့်အဝရရှိရေး အောင်မြင်စေရန် ဓနသဟာရနိုင်ငံများနှင့် ကမ္ဘာ့အသိုင်းအဝိုင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီတို့ရဲ့လမ်းစဉ်ကို လိုက်သင့်ကြောင်း Carl Wright မှ သုံးသပ်၏။

ဂျွန် ၁၈ ၊ BP ။ ။ မြန်မာခရီးသွားလုပ်ငန်းသည် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်တွင် ကြိုတင်သတိပေးမှုများ ဆောင်ရန် ရှောင်ရန် အချက်များစွာကို ထပ်မံကြားနာခဲ့ရ၏။

ဂျွန် ၁၈ ၊ RTE news, DUBLIN ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ အိုင်ယာလန်သို့ ရောက်ရှိ၏။

ဂျွန် ၁၈ ၊ Irrawaddy ။ ။ သတင်းစာဆရာကြီး လူထုဦးစိန်ဝင်းသည် ယနေ့ရွှေဂုံတိုင်ဆေးရုံတွင်ကွယ်လွန်၏။

ဂျွန် ၁၈ ၊ Irrawaddy ။ ။ ဂျွန် ၁၆ နေ့တွင် မိမိတို့စခန်းအား အစိုးရတပ်မှ မီးရှို့ဖျက်ဆီးမှုဖြစ်ခဲ့ကာ အစိုးရသည် မခိုင်မာသေးသည့် ငြိမ်းချမ်းရေး ကို ဖျက်ဆီးရာကျကြောင်း ရှမ်းပြည်နယ်တပ် (တောင်) မှဆို၏။

ဂျွန် ၁၈၊ Mizzima ။ ။ အာဆီယံလူ့အခွင့်အရေးအဖွဲ့များနှင့် ပြည်သူ့အဖွဲ့များသည် ပူးပေါင်း ညီညာစွာလုပ်ကိုင်ရန်လိုကြောင်း AICHR ၏ တ ပတ်တာ မြန်မာတွင်ကျင်းပသည့် အစည်းအဝေးမှဆို၏။

ဂျွန် ၁၉ ၊ AP ။ ။ မြန်မာသည် နှစ်စဉ် စီးပွားရေး တိုးတက်နှုန်း ၇.၇ ရာနှုန်းတိုးရန်မှန်းကြောင်း သမတဦးသိန်းစိန်မှဆို၏။

ဂျွန် ၁၉ ၊ LDN- Rtrs ။ ။ မြန်မာနိုင်ငံ ဒီမိုကရေစီရေးရရေးကိုလက်ရှိအခြေအနေအရ ဦးဆောင်သွားရန်အသင့်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည် မှဆို၏။

ဂျွန် ၁၉ ၊ Rtrs ။ ။ မြန်မာသည် ပြုပြင်ပြောင်းလဲမှု ဒုတိယအဆင့် စမည်ဟု သမတဦးသိန်းစိန်မှဆို၏။ **စာမျက်နှာ ၁၃ သို့**

နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး ဒေါ်အောင်ဆန်းစုကြည် တောင်းဆို

DVB | ဇွန်လ ၁၇ ။ ။ အခုအချိန်အထိ ပြန်မလွတ်လာသေးတဲ့ နိုင်ငံရေး အကျဉ်းသားတွေ လွတ်မြောက်ရေးကို ကြိုးပမ်းပေးကြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုလိုက်ပါတယ်။

စနေနေ့က နော်ဝေနိုင်ငံ အော်စလိုမြို့မှာ ၁၉၉၁ ခုနှစ်က နိုဘယ်လ်ငြိမ်းချမ်းရေး ဆုချီးမြှင့်ခံရခြင်းအတွက် မိန့်ခွန်းပြောကြားရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုတောင်းဆိုလိုက်ပါတယ်။

"ကျမနိုင်ငံအကြောင်း ဆက်မပြောခင်မှာ ယုံကြည်ချက်အကျဉ်းသားတွေအကြောင်း ပြောခွင့်ပြုပါ။ ယုံကြည်ချက်အကျဉ်းသားတွေမြန်မာပြည်မှာရှိနေပါတယ်။ ထင်ရှားလူသိများတဲ့သူတွေ ပြန်လွတ်လာတဲ့နောက်မှာ မထင်ရှားလူသိနည်းတဲ့ သူတွေရဲ့လွတ်မြောက်ရေးကိုမေ့နေမလားဆိုတဲ့ စိုးရိမ်သောကတွေရှိပါတယ်။

ကျမ ဒီမှာရပ်နေရတဲ့အကြောင်းက ကျမဟာလည်း တချိန်တုန်းက ယုံကြည်ချက်ကြောင့် အကျဉ်းချခံရသူဖြစ်ပါတယ်။ ကျမပြောတာကို နားထောင်နေတဲ့အချိန်မှာ ထပ်တလဲလဲပြောကြတဲ့ အမှန်တရားတရပ်ကို ကျေးဇူးပြုလို့ သတိရပေးကြပါ။ နိုင်ငံရေးအကျဉ်းသားတယောက်ဆိုတာဟာလည်း အလွန်များတဲ့ အရေအတွက်ပါပဲ။

ကျမတို့နိုင်ငံမှာ မလွတ်ကြသေးတဲ့ သူတွေ၊ တရားဥပဒေစိုးမိုးမှုမခံရသေးတဲ့သူတွေဟာ တယောက်မကအများကြီးရှိတယ်။ကျေးဇူးပြု၍ သူတို့ကိုမမေ့ပါနှင့်။ သူတို့ကို မြန်မြန်နှင့် ခြွင်းချက်မရှိ ပြန်လွတ်လာဖို့ ဘယ်လိုနည်းနဲ့မျိုးမဆို လုပ်ဆောင်ပေးကြပါ။"

ထင်ရှားတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွတ်လာတဲ့နောက်မှာ ကျန်နေသေးတဲ့ သူတွေအရေးကို မေ့လျော့နေကြသလားဆိုတဲ့ စိုးရိမ်မှုတွေရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားနေတဲ့အဖွဲ့တွေရဲ့ အဆိုအရ အခုအချိန်အထိ နိုင်ငံရေးအကျဉ်းသား ၅၀၀ ဝန်းကျင်ရှိနေတယ်လို့ဆိုကြပါတယ်။ အရင်ကနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် သမ္မတဆီကို စာရေးတောင်းဆိုခဲ့တဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားကိစ္စအရေးနဲ့ပတ်သက်လာရင် ဂရုတစိုက် ကိုင်တွယ်ဖို့တော့ လိုတယ်လို့ပြောပါ တယ်။

"မနေ့ကပြောသွားတယ်။ သူမပြောခင်ကတည်းကလည်းဒါတွေက နိုင်ငံခြားအဖွဲ့အစည်းတွေက ပြောနေကြပါတယ်။ အဲဒါတွေလည်း ကျမတို့ထင်တယ် ကျမတို့ကော်မရှင် တခုလုံး ဆွေးနွေးပြီးတော့ဒါတွေက လုပ်စရာရှိတာ လုပ်သွားပါလိမ့်မယ်။ ဒီထက်အစောပိုင်းတုန်းကလည်း ဆွေးနွေးခဲ့တာရှိပါတယ်။ သူတို့ကလည်း နိုင်ငံရေးအကျဉ်းသားလို့ပြောတယ်။ ပြစ်မှု ကင်းတဲ့သူတွေဆိုရင် အကုန်လွှတ်ပြီးပြီဆိုတဲ့သဘောပေ့ါ၊ ပြစ်မှုကျူးလွန်ထားသူတွေ ကျန်နေတာရှိတယ်လို့ အဲဒါတွေကတော့ ရှင်းထုတ်ဖို့လိုတာပေ့ါ။"

ထိုင်း-မြန်မာနယ်စပ်မှာအခြေစိုက်တဲ့နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ရဲ့ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်ကတော့ ထောင်ထဲမှာ ကျန်းမာရေး စောင့်ရှောက်မှု ညံ့ဖျင်းနေတာကြောင့် နိုင်ငံရေးအကျဉ်းသားတချို့ ကျန်းမာရေးဆိုးရွားနေတယ်လို့ဆိုပြီး သမ္မတအနေနဲ့အားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးသင့်တယ်လို့ ပြောပါတယ်။

"မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေအပါအဝင်အကျဉ်းသားတွေ တော်တော်များများကကျန်းမာရေးစောင့်ရှောက်မှု အတော်ကိုညံ့ဖျင်းတယ်။ အဲဒီလိုကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းတဲ့အတွက် နေထိုင်မကောင်းတာတွေ တော်တော်များများကို ကြားသိနေရပါတယ်။ အခုဆိုရင် မန္တလေးထောင်မှာ ဦးညီမောင်က အစာအိမ်ကင်ဆာဖြစ်တယ်ဆိုပြီး ကြားသိရတယ်။

ကိုဖြိုးဝေအောင်ဆိုရင်လည်း အောက်ပိုင်းသေသွားပြီ။ မကြာခင်မှာ အသက်ဆုံးရှုံးသွားနိုင်တဲ့ အနေအထားမျိုးရှိတယ်။ ကိုဆန်နီ (ခ)ဆံရှားဆိုရင်လည်း အဲဒီလိုပဲ အသက်ဆုံးရှုံးနိုင်တဲ့ အနေအထားမျိုးတွေရှိနေတယ်။ မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်အသီးသီးမှာ အကျဉ်းသားတော်တော်များများက အဲဒီလိုပဲ ဝေဒနာခံစားနေ ရာတွေရှိတယ်။ အဲဒီလူတွေကို မြန်မာနိုင်ငံရဲ့ ပြည်တွင်းဥပဒေအရလည်း တကယ့်သေကောင် ပေါင်းလည်းဖြစ်နေသူတွေကို သမ္မတရဲ့အမိန့်နဲ့အကျဉ်းထောင်တွေက လွှတ်ပေးနိုင်ခွင့်ရှိပါတယ်။

"အဲဒီအတွက်ဒီကျန်းမာရေးမကောင်းဘူး၊ သေကောင်ပေါင်းလည်းဖြစ်နေသူတွေကိုနိုင်ငံတော်သမ္မတရဲ့အမိန့်နဲ့အမြန်ဆုံးလွှတ်ပေးဖို့ သင့်တယ်လို့ ကျနော်တို့ထင်ပါတယ်။"

ဒေါ်စုကို ယူတူးအဖွဲ့ ခေါင်းဆောင် ဘိုနို ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့ကြိုဆို

RFA | ဇွန်လ ၁၈ ။ ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ ညနေ အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့ကိုရောက်ရှိလာပါတယ်။ နော်ဝေနိုင်ငံကနေ အိုင်ယာလန်ကိုလာရောက်ဖို့အတွက် ကမ္ဘာ ကျော် ယူတူးရော့ခ်တေးဂီတအဖွဲ့မှဘိုနိုက ဒေါ်အောင်ဆန်းစုကြည်ကို သူ့ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့လာရောက်ကြိုဆိုခဲ့တာပါ။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ နော်ဝေနိုင်ငံမှာ အော်စလိုမြို့ နားမှာကျင်းပတဲ့ "အော်စလိုငြိမ်းချမ်းရေးညှိနှိုင်းမှုအစည်းအဝေး" ကို တက်ရောက်ခဲ့ပါတယ်။

အဲဒီ ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတကာခေါင်းဆောင် ၁၀၀ နီးပါးလောက် တက်ရောက်ခဲ့ပြီး ကမ္ဘာကျော် ရော့ခ်အဆိုတော် U2 အဖွဲ့ခေါင်းဆောင် ဘိုနိုလည်းတက်ရောက်ခဲ့သလို ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး Carl Bildt အပြင် မြန်မာအစိုးရစက်မှုဝန်ကြီး ဦးစိုးသိန်းတို့လည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အော်စလိုငြိမ်းချမ်းရေး ညှိနှိုင်းမှု အစည်းအဝေးဟာ နိုင်ငံတွေရဲ့ အပြောင်းအလဲကာလအတွင်းမှာ အရေးကြီးတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းခေါင်းစဉ်နဲ့ ဆွေးနွေးတာလို့ သိရပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ အာရပ်ကမ္ဘာက နိုင်ငံရေးအပြောင်းအလဲတွေကို အဓိကထား ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒပ်ဗလင်မြို့မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုတဲ့ "Electric Burma" စင်တင်တေးဂီတနဲ့ ဖျော်ဖြေမှာဖြစ်ပါတယ်။ အဲဒီပွဲကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး အေအိုင်က စီစဉ်ကျင်းပတာဖြစ်ပြီးပွဲအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၇ နှစ် ပြည့်မွေးနေ့ဆုတောင်းပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ယူတူးပွဲကို ပရိသတ်ငါးထောင်နဲ့ကမ္ဘာကျော်အနုပညာရှင်တွေလည်း တက်ရောက်မယ်လို့ဆိုပါတယ်။

သတင်းတိုထွာဖတ်စရာ

ရေးနှင်ဝေစုး

ဒေါ်စုအား အိမ်ရှေ့မင်းသားညှော်ခံ

လန်ဒန်မြို့ကိုရောက်ရှိနေတဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နိုင်ဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ဗြိတိသျှ အိမ်ရှေ့မင်းသား Charles and Camilla တို့က သူတို့ရဲ့နေအိမ်ကို ဖိတ်ခေါ်ပြီး ရင်းရင်းနှီးနှီးဆွေးနွေး စကားပြောခဲ့တယ်လို့ဆိုပါတယ်။အိမ်ရှေ့မင်းသားရဲ့ခြံဝင်းအတွင်းမှာ magnolia tre အပင်တပင်ကိုလည်း စိုက်ခဲ့ပါသေးတယ်။ ဘာတွေပြောဆိုကြတယ်ဆိုတာ မသိရပေးမယ့် ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်ကလွတ်မြောက်လာခဲ့ပုံနဲ့ ဒီမိုကရေစီစနစ်အပြောင်းအလဲကိစ္စဖြစ်နိုင်တယ်လို့ ခန့်မှန်းဝေဖန်သုံးသပ်ကြပါတယ်။ (The Metro, UK, June 22 , 2012)

ရန်ကုန် ဗီယက်နန် ပျံသန်းမည်

မြန်မာလေကြောင်းလိုင်းဟာ ဒီနှစ်ကုန်ပိုင်းလောက်မှာ ရန်ကုန်နဲ့ ဗီယက်နန်ကို တိုက်ရိုက်ပျံသန်းဖို့ ဆွေးနွေးနေတယ်လို့ ဆိုပါတယ်။ ဒီခရီးစဉ်အတွက် ခရီးသည်တင်လေယာဉ်များကို ဝယ်ယူဖြည့်မယ်လို့လည်း လေကြောင်းလိုင်းတာဝန်ရှိသူ ဒေါ်အေးမြသာက ပြောဆိုပါတယ်။ နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးမြှင့်ရေး၊ ဆက်ဆံရေးတိုးမြှင့်သွားဖို့နဲ့ ကမ္ဘာလှည့်ခရီးသွားတိုးချဲ့ရေးတို့ကို ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။(Vientiane Times, June 22 , 2012)

မြန်မာလူငယ်များ ဂျပန်ခေါ်ယူ

မြန်မာနိုင်ငံမှ လူငယ်များကို ဂျပန်နိုင်ငံရှိ ပြည်တွင်းကာကွယ်ရေးနဲ့လုံခြုံရေးသင်တန်းကျောင်းမှာ ခေါ်ယူသင်တန်းတက်ခွင့်ပြုသွားမယ်လို့ဆိုပါတယ်။နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်သွားဖို့ရည်ရွယ်တယ်လို့ဆိုပါတယ်၊ ဂျပန်နိုင်ငံမှ ဒုကာကွယ်ရေးဝန်ကြီး Hironori Kanazawa ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ မြန်မာနိုင်ငံသွားရောက်ခဲ့စဉ် မြန်မာ သမတဦးသိန်းစိန်နဲ့ အခုလို အရာရှိ မြန်မာလူငယ်များကို ခေါ်ယူသင်တန်းပေးဖို့ သဘောတူခဲ့တာဖြစ်ပါတယ်။ (The Yomiuri, June 19,2012)

ပို့ကုန်ဝင်ငွေတိုးလာ

၂၀၁၂–၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ပထမသုံးလပတ်အစီရင်ခံစာအရ မြန်မာနိုင်ငံမှနိုင်ငံခြားပို့ကုန်ဝင်ငွေ ဒေါ်လာသန်းပေါင်း ၁၀၇၄.၆၈၇ အထိတိုးတက်လာတယ်လို့ဆိုပါတယ်၊ အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးမှ ဒေါ်လာသန်းပေါင်း ၃၅၁.၃၁ ရရှိကြောင်း အစီရင်ခံစာကဆိုပါတယ်၊ မူဆယ် မြဝတီ မြိတ်နဲ့စစ်တွေ နယ်စပ်ကုန်သွယ်မှုမှ ရရှိတယ်လို့ဆိုပါတယ်။ ကုန်တင်သေတ္တာပေါင်း ၂၂ ခုကို တင်ပို့နိုင်ခဲ့တယ်လို့လည်းဆိုပါတယ်။ (Xinhua, June 22 , 2012)

တက္ကသိုလ်ဆရာများ သမဂ္ဂဖွဲ့စည်း

မန္တလေးတက္ကသိုလ် (ပင်မ)၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(မန္တလေး) တို့ပါဝင်တဲ့ တက္ကသိုလ် ၃ ခုက ကထိကများ၊ ပါမောက္ခများ စတဲ့ ဆရာ၊ ဆရာမဦးရေ ၄၀ ခန့်က ဘုန်းကြီးကျောင်းတခုမှာ ဒီကနေ့တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ်ဆရာ၊ ဆရာမများသမဂ္ဂကို ယာယီကော်မတီအဖြစ်ဖွဲ့စည်းလိုက်တယ်လို့ဆိုပါတယ်။ စိတ်ပညာဌာနမှ တွဲဘက်ပါမောက္ခ ဆရာဦးသက်လွင်က အဖွဲ့ဥက္ကဌအဖြစ်တာဝန်ယူဆောက်ရွက်သွားမယ်လို့သတင်းကဆိုပါတယ်။ (RFA, June 24 , 2012

မုဒိမ်းကျင့်သူများ သေဒဏ်ချမှတ်

ရခိုင်ပြည်နယ်မှ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာသူ ၂၆ နှစ်အရွယ် မသီတာထွေးကို လုယက် အဓမ္မမုဒိမ်းပြုကျင့်သတ်ဖြတ်ခဲ့သူ တရားခံနှစ်ဦးကို ကျောက်ဖြူခရိုင် တရားရုံးက သေဒဏ်အမိန့်ချမှတ်လိုက်ပါတယ်။အဓိကတရားသုံးဦးအနက်တဦးဖြစ်တဲ့ဖြိုးဇေယျာသော်ဟာ အကျဉ်း ထောင်ထဲမှာ မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့ပါတယ်။ သူတို့သုံးဦးဟာ မေလ ၂၈ ရက်နေ့ ညနေပိုင်းမှာ အိမ်အပြန်လမ်းမှာ မသီတာထွေးကို မုဒိမ်းပြုကျင့် သတ်ဖြတ်ခဲ့တာဖြစ်ပါတယ်။ (BBC, June 18 , 2012

သတ္တုတူးဖော်ရေးမှာ အရင်းအနှီးလိုအပ်

နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်တဲ့အနေနဲ့ သတ္တုတွင်းဝန်ကြီးဌာနမှ အထူးအစည်းအဝေးတရပ်ကျင်းပမယ်လို့ဆိုပါတယ်။ ရန်ကုန် စီတိုးနားဟိုတယ်မှာ ကျင်းပမယ့် အဆိုပါအစည်းအဝေးကို ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများတက်ရောက်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံဆိုင်ရာ ဥပဒေများကိုလည်း အဲဒီအစည်းအဝေးမှာ ဆွေးနွေးမယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှ ရွှေ ကြေး ခဲ ကျောက်မီးသွေးနဲ့အဖိုးတန်ကျောက်မျက်ရတနာများကို ရှာဖွေတူးဖော်ရေးများမှာ ပြည်ပပညာရှင်များအပါအဝင် အရင်းအနှီးအများအပြားလိုအပ်နေတာဖြစ်ပါတယ်။ (Xinhua, June 22 , 2012

ရခိုင်ဒုက္ခသည် ကုလကူညီ

ကုလသမဂ္ဂမှ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကို ကူညီပံ့ပိုးစီစဉ်နေပါတယ်။ လက်တလော အကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်နေကြတဲ့ ရခိုင်ပြည်နယ်တွင်းမှ ဒုက္ခသည် ၈၀၀၀၀ ကျော်အတွက် အစားအစာများကို The World Food Program (WFP) အစီအစဉ်နဲ့ ဖြန့်ဝေပေးနေပါတယ်။ အလားတူ The United Nations Population Fund (UNFPA) and the United Nations Children’s Fund (UNICEF) အဖွဲ့တို့ကလည်း လိုအပ်တဲ့ ဆေးဝါးအသုံးအဆောင်ပစ္စည်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နေပါတယ်။ (Xinhua, June 21 , 2012)

လူကုန်ကူးမှုတိုက်ဖျက်ရေး မြန်မာနိုင်ငံ အခြေအနေတိုးတက်

VOA ၊ ဂျွန်လ ၁၉ ။ ။ မနေ့က ထုတ်ပြန်လိုက်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နှစ်စဉ်ထုတ်ပြန်နေကျ လူကုန်ကူးမှုဆိုင်ရာအစီရင်ခံထဲ မြန်မာအစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုထားပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူတွေကတော့ အခုလို အစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး တိုးတက်လာမှုကို လက်ခံပေမဲ့တဘက်မှာတော့ လူကုန်ကူးမှုကိစ္စရပ်အချို့မှာ ဒေသအာဏာပိုင်တွေပါဝင်ပတ်သက်မှု ရှိနေတယ်လို့ ပြောပါတယ်။ ဒီအကြောင်း ကိုသားညွှန့်ဦးဆက်ပြီး တင်ဆက်ပေးမှာပါ။

မနှစ်ကအထိတော့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ နှစ်စဉ်အစီရင်ခံစာထဲ မြန်မာနိုင်ငံဟာ Tier 3 ခေါ်တဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှု အားအနည်းဆုံးနိုင်ငံ နာမည်ပျက်စာရင်းထဲမှာထည့်သွင်းခံထားရတာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်အတွင်း မြန်မာအစိုးရအနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် သိသာတဲ့အားထုတ် မှုတွေ လုပ်လာခဲ့တယ်ဆိုပြီး ဒီနှစ် အစီရင်ခံစာထဲ Tier 2 WL စောင့်ကြည့်အဆင့်နှစ်မှာ တိုးမြှင့်သတ်မှတ်ခံရတာကြောင့် အရင်နာမည်ပျက်စာရင်းကနေ ပယ်ဖျက်ခံလိုက်ရပါပြီ။

အစီရင်ခံစာထဲမှာ နိုင်ငံအလိုက် P သုံးလုံးဆိုတဲ့ Prosecution အရေးယူမှု၊ Protection အကာအ ကွယ်ပေးမှု၊ Prevention ကြိုတင်ကာကွယ်မှု အခြေအနေသုံးရပ်ကို တချက်ခြင်း လေ့လာဆန်းစစ်ထားပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာ လူကုန်ကူးခံရသူတွေကို ရှာဖွေဖော်ထုတ်ပြီး သူတို့ရဲ့ ဘဝပြန်လည် ထူထောင်ရေးအတွက် အစိုးရဘက်က လုပ်ဆောင်ပေးခဲ့တာတွေရှိတယ်လို့ အစီရင်ခံမှာ ဖော်ပြပါတယ်။ ၂၀၁၁ စက်တင်ဘာလမှာ အစိုးရဘက်က လူကုန်ကူးခံရမှုတွေကိုတိုင်ကြားနိုင်တဲ့ စနစ်တရပ်ထားခဲ့တာကြောင့် လူကုန်ကူးခံရသူ ၅၇ ဦးကို ကယ်တင်စောင့်ရှောက်နိုင်ခဲ့တယ်လို့ဆိုပါတယ်။

မြန်မာအစိုးရရဲ့ ထုတ်ပြန်ချက်အရတော့ လူကုန်ကူးခံရသူ ၂၂၉ ဦးကို ကူညီစောင့်ရှောက်နိုင်ခဲ့တယ်လို့ ကိုးကားဖော်ပြပါတယ်။တချိန် တည်းမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ကြိုတင်ကာကွယ်မှု အစီအမံတွေကို မြန်မာအစိုးရအနေနဲ့ တိုးမြှင့်ဆောင်ရွက်ခဲ့ တယ်လို့ အစီရင်ခံမှာ ချီးကျူးထားပါတယ်။ ဒါပေမယ့်လည်း တဘက်မှာ လူကုန်မှုတွေ၊ အထူးသဖြင့် ကလေးစစ်သားစုဆောင်းအသုံး ပြုတာနဲ့အတင်းအဓမ္မလုပ်အားပေးခိုင်းစေတာမျိုးကို စစ်ဘက်တာဝန်ရှိသူတွေရောလက်နက်ကိုင်သူပုန် အဖွဲ့အစည်းတွေကပါ ဆောင်ရွက်နေကြတုန်းပဲလို့ ထောက်ပြပါတယ်။

လူ့အခွင့်အရေးလှုပ်ရှားသူတွေကတော့ မြန်မာအစိုးရအနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အရင်ကထက် တတ်တတ်ကြွကြွလုပ်ဆောင်လာတာမှန်ပေမဲ့ တဘက်မှာတော့ ဒီကိစ္စမှာတာဝန်ရှိ အာဏာပိုင်တွေ ပါဝင်ပတ်သက်နေတာကြောင့် စိန်ခေါ် အကဲစမ်းချက်တွေတော့ ရှိနေတုန်းပဲလို့ပြော ပါတယ်။ AHRC အာရှ လူ့အခွင့်အရေးကော်မရှင်က မြန်မာရေးနေ ဦးမင်းလွင်ဦးက ပြည်ပမှာ ဒုက္ခရောက်နေတဲ့ မြန်မာတိုင်းရင်းသား လူကုန်ကူးခံရသူတွေကို မြန်မာအစိုးရဘက်က ကယ်တင်စောင့်ရှောက်မှုအားနည်းနေတုန်းပဲလို့မြင်ပါတယ်။

"တိုင်းတပါးကိုရောက်သွားတဲ့ လူကုန်ကူးခြင်းခံရတဲ့သူတွေကိုတော့ ကျနော်တို့ မြန်မာနိုင်ငံအစိုးရကနေပြီး လိုက်လံကယ်တင်နိုင်ခြင်းတော့မရှိသေးဘူးဗျ။ ရှိတဲ့ဥစ္စာတွေကလည်းအလွန်နည်းပါးပါသေးတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့လပိုင်းအတွင်းက ဖြစ်ပွားသွားတဲ့ ထိုင်းနိုင်ငံက စက်ရုံအလုပ်သမားတွေကို ကယ်ဆယ်တဲ့ကိစ္စတခု၊ ဒါကတော့ မှတ်မှတ်ထင်ထင်တခုရှိတာပေါ့လေ။ အရင်ကဆိုလို့ရှိရင်ဖမ်းဆီးထိန်းသိမ်းခြင်းခံရတဲ့သူတွေကို ပြန်ပို့တဲ့အခါကျလို့ရှိရင် ပြန်လည်ပြုစုပျိုးထောင်ရေးတို့၊ လက်မှု၊ အိမ်တွင်းမှုပညာ သင်ကြားရေးတို့စတာတွေနဲ့ ပတ်သက်လို့ အစိုးရက တာဝန်ယူလုပ်ဆောင်နေတာတွေနည်းတယ်။

သို့သော်လည်း အခုနောက်ပိုင်းမှာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အောက်ကနေပြီး ပြည်တွင်းမှာ တချို့ရှိနေတဲ့ NGO တွေနဲ့ ပေါင်းပြီးတော့ တချို့အစီအစဉ်လေးတွေ လုပ်နိုင်တာတွေကို တွေ့လာရတယ်။ ဥပဒေပိုင်းအရ ကြည့်မယ်ဆိုလို့ရှိရင်လည်း ရတနာမေတ္တာဖောင်ဒေးရှင်းနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း UNICEF နဲ့ တွဲပြီးတော့ ပူးပေါင်းတည်ထောင်ထားတဲ့ အဖွဲ့တွေကို ထူထောင်ခွင့် ပြုလာတယ်။ ဒီအဖွဲ့တွေက အမျိုးသမီးနဲ့ ကလေးငယ်တွေအတွက်ကို အခကြေးငွေမယူဘဲ လိုက်ပါ ဆောင်ရွက်ပေးတဲ့ အခြေအနေမျိုးအထိဖြစ်လာတယ်။ ဒါတွေကတော့ တိုးတက်တဲ့အလားအလာတွေလို့ ပြော နိုင်ပါတယ်။"

"အစိုးရပိုင်းအနေနဲ့ပေါ့-လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ပတ်သက်လို့ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ အခုအစိုးရသစ်အနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ပတ်သက်လို့၊ သက်ဆိုင်လို့ - နောက်တခုက အဲဒီအတွက် အထောက်အကူပြုနိုင်မယ့် နည်းဥပဒေပြဌာန်းချက် အသစ်တွေ ထုတ်ပြန်တာမျိုးရောရှိပါသလား။

"လူကုန်ကူးမှု တားမြစ်ရေး ဥပဒေရယ်လို့တော့ ပြဌာန်းထားတာတော့ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ ဒီအစိုးရ အာဏာပိုင်တွေ ကိုယ်တိုင်ကိုက ကျူးလွန်ဖောက်ဖျက်နေတာ ဖြစ်နေတဲ့အခါကျတော့ ဥပဒေကို အသက်ဝင်အောင်လုပ်ဖို့က တော်တော်ခဲယဉ်းတဲ့ ကိစ္စဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့ ၃ လလောက်ကပြည်မြို့က ကောင်လေးတွေကို ခေါ်သွားတယ်၊ ခေါ်သွားပြီးတော့ ရှမ်းပြည်နယ်မိုင်းတွင်းတွေမှာ အဓမ္မခိုင်းစေဖို့အတွက် ခေါ်တဲ့ကိစ္စတွေမှာ ကြံ့ဖွံ့ပါတီက ကုမ္ပဏီတွေက ပါဝင်ပတ်သက်နေတာတွေ့ရတယ်။ နောက်ပြီးတော့ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီတချို့က ပါဝင်နေတာတွေ တွေ့ရတယ်။ အဲဒီမှာ ကျနော်တို့ လိုက်လံကူညီပေးနေတဲ့ လူ့အခွင့်အရေးကာကွယ်တဲ့ သူတွေကိုတောင်မှ အနှောင့်အယှက်ပေးခြင်းခံရတာကို ကျနော်တို့ ကြားသိရတယ်။"

ကလေးငယ်တွေ အမျိုးသမီးတွေအပါအဝင် မြန်မာနိုင်ငံက တိုင်းရင်းသား လူမျိုးအတော်များများဟာ အိမ်နီးချင်း ထိုင်း၊ မလေးရှား၊ တရုတ် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တောင်ကိုရီယား စတဲ့နိုင်ငံတွေကို စီးပွားရေးအခြေအနေကြောင့် ပုံစံအမျိုးမျိုးနဲ့ ထွက်ခွာနေကြရာမှာလူကုန်ကူးခံရတာတွေကြောင့် လိင်လုပ်ငန်းတွေ အတင်းအဓမ္မ မတရားခိုင်းစေခံရတာတွေ ကြုံနေကြရတာပါ။

ဒီလိုမျိုး အလားတူအခြေအနေမျိုးတွေ မြန်မာနိုင်ငံတွင်းမှာ တောင် ကြုံနေရတယ်လို့ ဦးမင်းလွင်ဦးက ပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ အစီရင်ခံစာထဲမှာတော့ မြန်မာအစိုးရဟာ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတကာလက်ခံတဲ့ စံနှုန်းစံထားအတိုင်း ဆောင်ရွက်မှု ပြည့်မီချက်တော့ မရောက်သေးဘူးလို့ဆိုပါတယ်။

ပြကွဒိန်မှ

ဂျွန် ၁၉ ၊ Channel News Asia ။ ။ ရှေ့လခန့်တွင် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန် သုံးသပ်နေကြောင်း နော်ဝေရောက် မြန်မာစက်မှုဝန်ကြီး ဦးစိုးသိန်းမှ နော်ဝေတွင်ဆို၏။

ဂျွန် ၁၉ ၊ Rtrs ။ ။ မြန်မာသည် အမေရိကမှထုတ်သည့် ကမ္ဘာတဝှမ်း ကျေးကျွန်သုံးမှု နှစ်စဉ်သုံးသပ်ချက်တွင် အဆင့်တက်လာ၏။

ဂျွန် ၁၉ ၊ AFP ။ ။ ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာအမျိုးသမီးတဦးအား အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့သူများကို တရားရုံးမှ သေဒဏ်ချမှတ်၏။

ဂျွန် ၁၉ ၊ AP ။ ။ ရသေ့တောင်ရွာ တွင်ယနေ့ ဗုဒ္ဓဘာသာရဟန်း သုံးပါး အသတ်ခံရကြောင်း။

ဂျွန် ၁၉ ၊ UPI ။ ။ ဗြိတိန်အစိုးရသည် မြန်မာအပေါ် ထိုက်သင့်သော ဖိအားများ ဆက်လက်ထားရှိမည်။

ဂျွန် ၁၉ ၊ AP ။ ။ မြန်မာသည် မတ်လ တလအတွင်း တွင်းထွက်သတ္တုနှင့် သဘာဝဓါတ်ငွေ့ဆိုင်ရာ အပြည်ပြည်စာချုပ် ၉ ခု ပထမဦးဆုံးအကြိမ် ချုပ်ဆိုနိုင်ခဲ့၏။

ဂျွန် ၁၉ ၊ LDN ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာအရေးအတွက် မိမိခင်ပွန်းနှင့်သား ၂ ဦးတို့၏ နားလည် ကိုယ်ကျိုးစွန့်ခဲ့မှုများကို ထည့်သွင်းပြောခဲ့၏။

ဂျွန် ၁၉ ၊ BBC ။ ။ သူ အိမ်တွင်းအကျဉ်းခံနေရစဉ် နေ့စဉ် နားထောင်သော ဘီဘီစီ အသံလွှင့်ဌာနသို့ ဒေါ်အောင်ဆန်းစုကြည်သည် လာရောက်လည်ပတ်၏။

ဂျွန် ၂၀ ၊ BBC ။ ။ ရခိုင်ပြည်နယ်တွင် ရခိုင်များနှင့် ရိုဟင်ဂျာ ပြဿနာကြောင့် လူ ၉ သောင်း အိုးအိမ်အခြေမဲ့ဖြစ်နေကြောင်း ကုလအဖွဲ့မှဆို၏။

ဂျွန် ၂၀ ၊ Straits Times ။ ။ မြန်မာတွင် နိုင်ငံခြားလုပ်ငန်းများ လုံးဝပိုင်ဆိုင်ခွင့်ပြုတော့မည်။

ဂျွန် ၂၀ ၊ DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်သို့ အောက်စဖို့ဒ်တက္ကသိုလ်မှ ယနေ့ ဂုဏ်ထူးဆောင် " ပြည်သူ့ဥပဒေ ပါရဂူဘွဲ့ " Honorary Doctor of Civil Law) ကို ချီးမြှင့်ခဲ့၏။

ဂျွန် ၂၀ ၊ LDN ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ရေဒီယို ဒစ်ဂျေ်ကီ Dave Lee travis နှင့်တွေ့ဆုံ၏။

ဂျွန် ၂၀ ၊ VOA ။ ။ ဥရောပ ၅ နိုင်ငံကို ခရီးထွက်လာသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မနေ့က ညနေဘက် သူ့ရဲ့ ၆၇ နှစ်မြောက်မွေးနေ့မှာ တိဘက်ဘုန်းတော်ကြီး ဒလိုင်လားမားနှင့် လန်ဒန်မှာ တွေ့ဆုံခဲ့သည်။ ဒါဟာ သူတို့နှစ်ဦး ပထမဆုံး အကြိမ်တွေ့ဆုံခြင်းဖြစ်သည်။

ဂျွန် ၂၁ ၊ RFA ။ ။ ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ David Cameron က သမ္မတဦးသိန်းစိန်ကို ဗြိတိန်နိုင်ငံကို လာရောက်လည်ပတ်ဖို့ ဖိတ်ကြားလိုက်ကြောင်း၊ ဗြိတိန်ဝန်ကြီးချုပ်ရဲ့ဖိတ်ကြားချက်ကို ဦးသိန်းစိန်ကလက်ခံလိုက်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူက မနေ့က ပြောဆိုလိုက်ကြောင်း။

ဂျွန် ၂၁ ၊ Mizzima ။ ။ အပစ်အခတ်ရပ်ရေး သဘောတူညီ လက်မှတ်ရေးထိုးထားသည့်အတိုင်း အစိုးရဘက်မှ မလိုက်နာသဖြင့် တိုက်ပွဲများဖြစ်ပွားနေရသည်ဟု ရှမ်းပြည်တပ်မတော်(မြောက်) SSPP-SSA က ပြောဆိုလိုက်သည်။

ဂျွန် ၂၁ ၊ Mizzima ။ ။ အစက်ရုံအလုပ်သမားအပေါ် လူ့ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေသည့် ဂျပန်လုပ်ငန်းရှင်၏ပြောစကားနှင့်ခန့်သည့်အပြုအမူများကြောင့် ပြေလည်နိုင်ဖွယ်ရှိသည့် မင်္ဂလာဒုံ စက်မှုဇုန် ၁ မှ FAMOSO အထည်ချုပ်စက်ရုံ အလုပ်သမားများ၏အရေး နှောင့်နှေးသွားရပြီး ဆက်လက် ဆန္ဒပြလျက်ရှိကြောင်း သိရသည်။

ဂျွန် ၂၀ ၊ Mizzima ။ ။ ဗြိတိန်နိုင်ငံသို့ရောက်ရှိနေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ခင်ပွန်းသည် ဒေါက်တာ မိုက်ကယ်အဲရစ်၏အုတ်ဂူသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ဂါရဝပြုမည်ဖြစ်သည်။

ဂျွန် ၂၁ ၊ Asia News NW ။ ။ မြန်မာနှင့် ဗီအဲန်ရှိန်းအကြား တိုက်ရိုက်လေယဉ် ပျံသန်းတော့မည်။

ဂျွန် ၂၂ ၊ BBC ။ ။ ရှမ်းပြည်နယ်တပ် (SSA) နှင့် အစိုးရတပ်များအကြား တိုက်ပွဲအရှိန်လျော့ကျရေးကြိုးပမ်းနေကြောင်း။

ဂျွန် ၂၂၊ BBC ။ ။ ဗြိတိန်ပါလီမန် ၂ ရပ်လုံးသို့ Westminster ခန်းမကြီးတွင် ယနေ့ မိန့်ခွန်းပြောခွင့်ရခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် ထိုသို့ ပြုခွင့်ရသော ကမ္ဘာ့ပထမဦးဆုံး နိုင်ငံခြားအမျိုးသမီးဖြစ်လာ၏။ မြန်မာ၏ ဒီမိုကရေစီပြောင်းလဲရေးခရီးစဉ်တွင် ကမ္ဘာမှ ဝိုင်းဝန်းပံ့ပိုးကြရန် ဒေါ်အောင်ဆန်းစုကြည်မှမေတ္တာရပ်၏။ ဝန်ကြီးချုပ် Derek Cameroon နှင့် ဗြိတိန်ထိပ်သီးများတက်ရောက်ခဲ့၏။

ဂျွန် ၂၂၊ RFA ။ ။ လယ်ယာမြေအငြင်းပွားမှုဖြစ်နေသည့် ဒဂုံဆိပ် ကမ်းမြို့နယ် လေးထောင့်ကန် လယ်သမားတွေအရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ဒီကနေ့ သွားရောက် ကူညီဆောင်ရွက်ခဲ့ကြောင်း။

ဂျွန် ၂၂ ၊ DVB ။ ။ မုံရွာတွင် မြေယာပြဿနာများကို သမတအထိတိုင်ကြားရန် စိုင်းပြင်းနေ၏။

ဂျွန် ၂၃ ၊ BBC ။ ။ စစ်တွေ အောင်မင်္ဂလာရပ်ကွက်မှ မူဆလင်များအား သက်ဆိုင်ရမှ စစ်တွေမြို့ပြင်သို့ ရွှေ့ပြောင်းနေရချထားပေးခဲ့ကြောင်း။

ဂျွန် ၂၄ ၊ DVB ။ ။ ရခိုင်ပြည်နယ်တွင် ဒုက္ခသည်များ အဓိကရင်ဆိုင်နေရသည်မှာ ကျန်းမာရေးပြဿနာဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူးဦးဦးလှမှဆို၏။

ဂျွန် ၂၄ ၊ DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အကိုဖြစ်သူ ဦးအောင်ဆန်းဦးတို့သည် အမွေမှုတွင် တဝက်စီရပိုင်ခွင့်ရှိသည်ဟု ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဂျွန် ၂၂ တွင်ဆုံးဖြတ်၏။

ဂျွန် ၂၄၊ BBC ။ ။ ရခိုင်ပြည်နယ်မှတဆင့် ယူနန်ပြည်နယ်သို့ သွယ်ထားသည့် ဓါတ်ငွေ့ပိုက်လိုင်းနှင့်ပတ်သက်၍ သက်ဆိုင်သော တရုတ်ကုမ္ပဏီ တခုမှ ရန်ကုန် ဆီဒိုးနားဟိုတယ်တွင် သတင်းရှင်းပွဲပြုလုပ်၏။

မြန်မာကို ဒဏ်ခတ်မှုလျှော့ပေါ့ရေး လက်တွေ့ဖြစ်ဖို့ အချိန်အနည်းငယ်ယူရမည်

VOA၊ ဂျွန်လ ၂၀၊၊ အမေရိကန်ပြည်ထောင်စုအနေနဲ့မြန်မာနိုင်ငံအပေါ် အရေးယူမှုတွေ ယာယီလျှော့ပေါ့ပေးတဲ့ကိစ္စဟာ လက်တွေ့ဖြစ်လာဖို့ အချိန်အနည်းငယ် ယူနေရတယ်လို့ နိုင်ငံခြားရေးဌာနက ပြောပါတယ်။ ဆယ်စုနှစ်တွေနဲ့ချီ တည်ရှိခဲ့တဲ့ ဥပဒေတရပ်ကို ပြန်ဖြေရတာမို့ အခြား ဆောင်ရွက်စရာတွေ ရှိသေးတယ်လို့ ရှင်းပြသွားတာပါ။ ဒီအကြောင်း ကိုသားညွန့်ဦးက တင်ဆက်ပေးပါမယ်။

အမေရိကန်ပြည်ထောင်စုဘက်က မြန်မာနိုင်ငံအပေါ်အရေး ယူမှုအချို့ကို ယာယီကင်းလွတ်ခွင့်တွေပြုမယ်လို့ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က ကြေညာလိုက်ပြီးနောက် မြန်မာနိုင်ငံတွင်း အမေရိကန် စီးပွားရေးလုပ်ငန်းအချို့ ဝင်ရောက်ဖို့ ခြေလှမ်းပြင် တာတွေရှိနေပါပြီ။ အနောက်နိုင်ငံအတော်များများ မြန်မာနိုင်ငံထဲ စီးပွားရေးရင်းနှီးမြှုပ်နှံဖို့ ကြိုးစားကြတဲ့အခါမှာ အဓိကကြုံရတဲ့ အကြပ်အတည်းထဲ အကြီးဆုံး တခုကတော့ ဘဏ်လုပ်ငန်းနဲ့ အခြေခံစီးပွားရေး အဆောက်အဦးတွေ အားနည်းမှု ဖြစ်တယ်လို့ စီးပွားရေးသုံးသပ်သူတွေ က ပြောကြပါတယ်။ အစိုးရဘက်ရဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ လည်း တခုအပါအဝင်ဖြစ်တယ်လို့ ပြောပါတယ်။

ဒီနေရာမှာ ဘဏ်လုပ်ငန်းနဲ့ပတ်သက်လို့ကြုံကြရတာကအမေရိ ကန်ပြည်ထောင်စုက ဒဏ်ခတ်ထားတဲ့ အထဲ ငွေကြေးဝန်ဆောင်မှုကိစ္စ ပါဝင်လေတော့ နိုင်ငံရပ်ခြားဘဏ်တွေနဲ့ အမေရိကန်ဒေါ်လာငွေ အလွှဲ အပြောင်းလုပ်တဲ့နေရာမှာ ရှိနေတဲ့ အခက်အခဲဖြစ်ပါတယ်။ အမေရိ က န်ပြည်ထောင်စုအနေနဲ့ကတော့ အရေးယူမှုတွေကို ကင်းလွတ်ခွင့်ပေး မယ့်အထဲ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကိုလည်း ထည့်သွင်းထားပါ တယ်။ အခုလို အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာအပေါ် ဒဏ်ခတ်မှု လျှော့ချရေးကိစ္စ နောက်ထပ်ဖြစ်ထွန်းမှုတွေနဲ့ ပတ်သက်လို့ မနေ့က နိုင်ငံခြားရေးဌာန ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ မေးမြန်းကြပါတယ်။ အမေရိကန်ဘက်က အရေးယူမှုတွေလျှော့ပေါ့တာ အသက်ဝင်လာဖို့ တော့ အချိန်ယူရနိုင်တယ်လို့ နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Victoria Nuland က ပြောပါတယ်။

"လွန်ခဲ့တဲ့ ရက်တွေအတွင်းကပဲ ငွေကြေးဝန်ဆောင်မှုနဲ့ ရင်းနှီး မြှုပ်နှံမှုသစ်တားမြစ်ချက်တွေကို ယာယီ ရုပ်သိမ်းမှုတွေ လုပ်ခဲ့ပါတယ်။ ဒါကို အပြည့်အဝဆောင်ရွက်ဖို့ဆိုရင် သမတရဲ့ လျှော့ပေါ့ခွင့်၊ ဘဏ္ဍာ ရေးဝန်ကြီးဌာနရဲ့နိုင်ငံရပ်ခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးရဲ့လျှော့ပေါ့ ကင်း လွတ်ခွင့်တွေ ရဖို့လိုပါတယ်။ ဒီကိစ္စ ရပ်တွေအတွက် ဌာနတွင်း အလုပ်ဖွဲ့ပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဒီ အရေးယူပိတ်ဆို့မှုတွေ က ရှင်တို့ သိတဲ့အတိုင်းပဲ ဆယ်စုနှစ်နဲ့ချီကြာ အထပ်ထပ်စည်းနောင် ထားတာပါ။ ဒါကြောင့် ဒါကို ပြန်ဖြေမယ်ဆိုတဲ့ကိစ္စက အချိန်ယူရပါ တယ်။ ဒီအတွက် ဆောင်ရွက်နေပါတယ်၊ မကြာခင်မှာပဲ ပြီးစီးမယ်လို့ မျှော်လင့်ထားပါတယ်။"

အမေရိကန်ပြည်ထောင်စုက စီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ် နှံကြတဲ့အခါမှာ ကျင့်ဝတ်ပိုင်းဆိုင်ရာကို အလေးထားဖို့ နိုင်ငံခြားရေး ဝန်ကြီးကလင်တန်က တိုက်တွန်းခဲ့ပါတယ်။ အခုလာမယ့်အသေးစိတ် လုပ်ကိုင်ခွင့်ဆိုင်ရာတွေ ထုတ်ပြန်တဲ့အခါမှာလည်း ဒီကိစ္စကို ထည့် သွင်းမယ်လို့ နိုင်ငံခြားရေးဌာနက ပြောပါတယ်။

"သမ္မတရဲ့ လျှော့ပေါ့ခွင့်ထုတ်ပြန်ချက်နဲ့ ဘဏ္ဍာရေးဌာနရဲ့ အ သေးစိတ်လုပ်ကိုင်ခွင့်တွေထုတ်တဲ့အခါမှာ ဒီကိစ္စတွေက အစိတ်အပိုင်း တရပ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းအဖွဲ့အစည်းတွေအနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ လေးစားလိုက်နာမှု၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှု ဆိုတဲ့ အချက်တွေကို ထည့်သွင်းမှာပါ။ နောက်တချက်ကတော့ ဒါဟာ ယာယီရုပ်သိမ်းထားတာပါ။ လိုအပ်လာရင် ပြန်ပြီး အရေးယူနိုင်ဖို့လည်း ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေရေးရာပိုင်း ရှုပ်ရှုပ် ထွေးထွေးအခြေအနေတော့ရှိပါတယ်။"

အမေရိကန်ဘက်က မြန်မာနိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုသစ်တွေပိ တ်ပင်ထားတာကို ယာယီရုပ်သိမ်းလိုက် တဲ့နောက် အမေရိကန်ကုမ္ပဏီ အတော်များများက မြန်မာပြည်ထဲအထိ ဝင်ရောက်လေ့လာပြီး ရင်းနှီး မြှုပ်နှံဖို့ ပြင်ဆင်နေကြပါတယ်။ အခုဆိုရင် General Electric (GE) ကုမ္ပဏီလို အကြီးစားစက်မှုလုပ်ငန်းတွေ၊ Coca-Cola လို စားသောက် ကုန်လုပ်ငန်းတွေပါ ဝင်ရောက်ဖို့အတွက် တာစူနေကြပါပြီ။ Coca-Cola ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံထဲက အမျိုးသမီးတွေအတွက် အလုပ်အ ကိုင်သစ်တွေ ဖန်တီးနိုင်ဖို့ ဒေါ်လာ သုံးသန်း လှူဒါန်းလိုက်ပြီး၊ ဒီအတွက် အစိုးရ မဟုတ်တဲ့အဖွဲ့အစည်းတခုဖြစ်တဲ့ PACT နဲ့ ပရဟိတလုပ်ငန်း တွေကို ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကြေညာထားပါတယ်။

ဒလိုင်လားမားနဲ့ ဒေါ်စုတွေ့ဆုံဆွေးနွေး

VOA ၊ ဂျွန်လ ၂၀ ။ ။ ဥရောပ ၅ နိုင်ငံကို ခရီးထွက်လာတဲ့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ မနေ့က ညနေ ဘက် သူ့ရဲ့ ၆၇ နှစ်မြောက်မွေးနေ့မှာ တိဘက်ဘုန်းတော်ကြီး ဒလိုင် လားမားနဲ့ လန်ဒန်မှာ တွေ့ဆုံခဲ့ပါတယ်။ ဒါဟာ သူတို့နှစ်ဦး ပထမဆုံး အကြိမ်တွေ့ဆုံတာဖြစ်ပါတယ်။

အခုလိုတွေ့ဆုံရာမှာ တိဘက်ဘုန်းတော်ကြီး ဒလိုင်လားမားက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရဲစွမ်းသတ္တိရှိမှုအတွက် တကယ်မြတ်မြတ် နိုးနိုးဂုဏ်ယူရကြောင်းနဲ့ အခုလိုတွေ့ဆုံနိုင်တဲ့အတွက်ဝမ်းမြောက်ပျော် ရွှင်ရကြောင်း ပြောကြားခဲ့တယ်လို့ ဒလိုင်လားမား ဝက်ဘ်ဆိုက်စာမျက် နှာမှာ ဖော်ပြထားပါတယ်။

ဒ့ါအပြင် လူထုရဲ့လေးစားမြတ်နိုးမှုကိုခံခဲ့ရတဲ့ ဗိုလ်ချုပ်အောင် ဆန်းရဲ့သမီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ လူသားကောင်းကျိုး အတွက် ထူးထူးခြားခြား လုပ်ဆောင်နိုင်မယ်ဆိုတာကို သူ့အနေနဲ့ သံသ ယမရှိကြောင်းလည်း တနင်္လာနေ့ နာရီဝက်ကြာ တွေ့ဆုံစဉ်အချိန်အ တွင်းမှာ ပြောကြားခဲ့တယ်လို့လည်း ဖော်ပြပါတယ်။

တိဘက်ဘုန်းတော်ကြီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရည်မှန်း ချက်တွေအားလုံးပြည့်ဝစေဖို့ဆုမွန်ကောင်းတောင်းပါကြောင်းနဲ့ထပ်ပြီး ဆုံတွေ့ဖို့ မျှော်လင့်ထားတယ်လို့လည်း ဆိုပါတယ်။

ဒလိုင်လားမားဟာ ဒေါ်အောင်ဆန်းစုကြည် အထိမ်းသိမ်းခံနေရ တဲ့အချိန်က အမြန်ဆုံးလွတ်မြောက်အောင် လှုံ့ဆော်လှုပ်ရှားမှုတွေလုပ် ခဲ့သလို ပြန်လွတ်လာချိန်မှာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့လူထု အတွက် လုပ်ဆောင်မှုတွေကို ထောက်ခံအားပေးခဲ့သူဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဆွေးနွေးရေး လိုအပ်နေသဲဟု ဒေါ်စုပြောဆို

RFA ၊ ဂျွန်လ ၁၈ ။ ။ နော်ဝေနိုင်ငံကို (၃) ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိခဲ့တဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဟာ မနေ့က အိုင်ယာလန်နိုင်ငံကို မထွက်ခွာခင် အော်စလိုမြို့တော်မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲအတွင်း မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးတဲ့အဆင့် မဖြစ်ပေါ်သေးဘူးလို့ ပြောကြားလိုက်ပါတယ်။

"တကယ့်နိုင်ငံရေး ဆွေးနွေးမှုဆိုတာဟာ အားလုံးစာပွဲဝိုင်းမှာ ထိုင်ပြီးတော့ သက်ဆိုင်တဲ့သူတွေ၊ အထူးသဖြင့် တိုင်းရင်းသားတွေလည်းပါရမယ်။ ကျွန်မတို့ ဒီအစိုးရဘက်ကလူတွေလည်း ပါရမယ်။ အတိုက်အခံဘက်က လူတွေလည်းပါရမယ်။ ကျွန်မတို့ တိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေလည်းပါရမယ်။ ဒါကိုမှ ကျွန်မတို့က ဒါတကယ့်နိုင်ငံရေးဆွေးနွေးပွဲလို့ ခေါ်နိုင်မှာပါ။ ကျွန်မတို့ နှစ်ဦးချင်းကြားမှာပြောတာ၊ ဆိုတာ၊ ဆွေးနွေးတာလောက်နဲ့ ဒါနိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်တယ်လို့ မဆိုနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ကျွန်မပြောတာဖြစ်ပါတယ်"

ဒီအတွက်လက်ရှိပြည်သူလွှတ်တော်ကိုယ်စားလှယ်တဦးအနေနဲ့ လွှတ်တော်တွင်းကနေ ကြိုးစားသွားမှာဖြစ်သလို လွှတ်တော်ပြင်ပကနေလည်း ဝိုင်းဝန်းဆောင်ရွက်ဖို့လိုတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒ့ါအပြင် ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့အခြေအနေနဲ့ ပတ်သက်လို့ တိကျရှင်းလင်းပြတ်သားတဲ့နိုင်ငံသားဥပဒေတွေရှိဖို့လိုအပ်နေတယ်လို့ သတင်းထောက်တွေကို ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြားခဲ့ပါတယ်။

"ရိုဟင်ဂျာဆိုတာဟာ မြန်မာပြည်ဖွားတွေမဟုတ်ဘူး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ မကြာသေးခင်ကမှ ရောက်လာသူတွေလို့ ပြောဆိုတာတွေရှိသလို၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း သူတို့ နိုင်ငံသားတွေမဟုတ်ပါဘူး၊ မြန်မာဘက်ကနေ ဝင်လာသူတွေ ဖြစ်တယ်လို့ပြန်ပြောတာတွေလည်းရှိနေပါတယ်။ ဒီပြဿနာရဲ့အခြေခံအကြောင်းရင်းက လွန်ခဲ့တဲ့ရာစုနှစ်ပေါင်းများစွာကတည်းက တရားဥပဒေစိုးမိုးမှုမရှိတာ၊ မှန်ကန်မျှတတဲ့လူဝင်မှုကြီးကြပ်ရေးဥပဒေမျိုးမရှိသလိုဥပဒေနဲ့အညီဆောင်ရွက်တာတွေမရှိခဲ့တာတွေကြောင့်ဖြစ်တယ်"လို့ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့ပါတယ်။

သတင်းစာရှင်းလင်းပွဲမတိုင်ခင်မှာ အော်စလိုက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ နော်ဝေနိုင်ငံခြားရေးဝန်ကြီး၊ ကမ္ဘာကျော် ယူတူး တေးဂီတအဖွဲ့ခေါင်းဆောင် ဘိုနိုတို့လည်း တက်ရောက်သလို၊ မြန်မာအစိုးရ စက်မှုဝန်ကြီး ဦးစိုးသိန်းလည်းတက်ရောက်ခဲ့ပါတယ်။

စာမျက်နှာ ၅ မှ

အလုပ်သမားတွေဘက်က ဒီအထဲကဘယ်အဆင့်ဖြစ်ဖြစ် သဘောတူမယ်လို့ပြောခဲ့ပေမယ့် အလုပ်ရှင်ဘက်က ဘာတခုမှ တိုးမပေးနိုင်ဘူးလို့သာ အကြောင်းပြန်ခဲ့တယ်လို့ အလုပ်သမားတွေက ပြောပါတယ်။ အခြေခံလစာ တသောင်းလေးထောင် သတ်မှတ်ထားတာကို သုံး သောင်းအထိတိုးပေးဖို့နဲ့၊ ရှားပါးစားရိတ် နှစ်သောင်းကိုသုံးသောင်းတိုးပေးဖို့၊ စုစုပေါင်းအခြေခံလစာခြောက်သောင်းပေးဖို့ တောင်းထားတာဖြစ်ပါတယ်။ ဒါပေမယ့် အခု နောက်ဆုံးအလုပ်သမားတွေဘက်က ရှားပါးစားရိတ် တိုးမတောင်းတော့ဘဲ၊ အခြေခံလစာ ၃ သောင်းအထိတိုးပေးဖို့ပဲ တောင်းဆိုတာကိုလည်း မလိုက်လျောဘူး လို့ ကိုရဲလင်းစိုးကပြောပါတယ်။

ဒီကနေ့မှာတော့ စက်ရုံဝင်းအတွင်းကို မှုရင်းပေးထားတဲ့လစာနဲ့ အလုပ်လုပ်နိုင်တဲ့သူဝင်၊ မလုပ်နိုင်တဲ့သူ မဝင်နဲ့ ဆိုတဲ့သဘောနဲ့ စက်ရုံဝင်းတံခါးကို ပိတ်ထားလိုက်တဲ့အတွက် ဆန္ဒပြအလုပ်သမားတွေဟာ စက်ရုံဝင်း အပြင်မှာပဲ စုရုံးနေကြရပါတယ်။

ကျန်နိုင်ငံရေးအကျဉ်းကျများ လွှတ်ဖွယ်

RFA ၊ ဂျွန်လ ၁၈ ။ ။ မြန်မာအစိုးရဟာ နောက်လဆန်းထဲမှာ နိုင်ငံရေးအကျဉ်းသား အများအပြား ထပ်ပြီးလွှတ်ပေးဖို့ စီစဉ်နေကြောင်း အစိုးရဝန်ကြီးတဦးက မနေ့က ပြောလိုက်ပါတယ်။ နော်ဝေးနိုင်ငံ အော်စလိုမြို့မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံပြင်ပမှာ စက်မှုဝန်ကြီးဦးစိုးသိန်းက အေအက်ဖ်ပီ သတင်းဌာနကို ပြောဆိုခဲ့တာပါ။

သမ္မတ ဦးသိန်းစိန်ဟာလည်း ဒေါ်အောင်ဆန်းစုကြည်နည်းတူ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် နှစ်မြှုပ်ဆောင်ရွက်နေသူဖြစ်ကြောင်း၊ ဆောင်ရွက်ပုံနည်းဗျူဟာကွဲပေမဲ့ မဟာဗျူဟာဖြစ်တဲ့ဦးတည်ချက်ချင်းတူညီကြပါကြောင်း၊ တလှေတည်းစီး၊ တခရီးတည်းသွားနေကြတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုဘယ်လ်ဆုမိန့်ခွန်းမှာပါဝင်တဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးကိစ္စ မေးမြန်းရာမှာ - မိမိကတော့ ဆုံးဖြတ်သူမဟုတ်ပါဘူး။ ဒါပေမဲ့ ဇူလိုင်လကို စောင့်ကြည့်ပါ၊ ပြန်လွှတ်နိုင်ပါတယ်။ အခုဆိုရင် အစိုးရဟာ သူတို့အမှုတွဲတွေကိုအကြမ်းဖက်မှု၊ ရာဇဝတ်မှုတွေနဲ့ ငြိစွန်းမှုရှိမရှိ စိစစ်နေပါတယ်။ ကျန်တဲ့သူတွေပြန်လွှတ်ပေးဖို့ မိမိတို့မှာစိတ်ကူးရှိပါတယ်၊စိတ်ကူးဖြစ်ပါတယ်၊ အမိန့်မဟုတ်ပါဘူး။ ဒီလုပ်ငန်းစဉ်ကို ဆောင်ရွက်နေပါတယ်လို့ AFP သတင်းကို ပြောဆိုခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥရောပခရီးစဉ်မှာ သူ့ရဲကောင်းတဦးကို ကြိုဆိုသလို အုတ်အော်သောင်းတင်း ကြိုဆိုကြတဲ့အပေါ် ဂုဏ်ယူမိကြောင်း၊ ဥရောပမှာ မြန်မာအမျိုးသမီးတယောက် အခုလိုကြိုဆိုခံရတဲ့အတွက် မုဒိတာပွားမိပါကြောင်းလည်း စက်မှုဝန်ကြီးဦးစိုးသိန်းကပြောဆိုပါတယ်။ စီးပွားရေးကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရပ်တည်ချက်ချင်း မကွဲပြားကြောင်း၊ စီးပွားရေးပိတ်ဆို့မှုတွေပြန်ရုပ်အပြီးဝင်ရောက်လာမယ့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ ကျင့်ဝတ်နဲ့အညီ ဖြစ်ရမယ့်အပြင်၊ ပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတာကို သဘောတူညီကြောင်း ပြောဆိုပြီး၊ ရင်းနှီးမြှုပ်နှံမှုတွေအလုအယက်ဝင်လာတာ ကောင်းပါတယ်။ ဒါပေမဲ့ ရွှေရှာသလိုမျိုး ပြုံပြီး ဝင်လာတာမျိုးတော့ မဖြစ်စေချင်ဘူးပေါ့လို့ စက်မှုဝန်ကြီး ဦးစိုးသိန်းက AFP သတင်း ကို ပြောဆိုခဲ့ပါတယ်။

အဲဒီညီလာခံမှာမြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားခဲ့ပါတယ်။

မတရားပုဒ်မ ဝန်ကြီးနှုတ်မိန့်နဲ့ ကချင်ပြည်နယ်မှာ ပယ်ဖျက်လိုက်

Mizzima ၊ ၂၂ ဇွန်။ ။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ဒု-ဥက္ကဋ္ဌ မီးရထားဝန်ကြီး ဦးအောင်မင်း၏ နှုတ်မိန့် ညွှန်ကြားချက်အရကချင်ပြည်နယ်တွင်မတရားသင်းဥပဒေပုဒ်မ၁၇(၁) အားပယ်ဖျက်လိုက်ကြောင်း ဝန်ကြီးချုပ်ဦးလဂျွန်ငံဆိုင်းက ပြောသည်။ ကြာသပတေးနေ့က ဗန်းမော်လေဆိပ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်အား မှာကြားချက်ကို ဌာနဆိုင်ရာများအားတဆင့် ညွှန်ကြားလိုက်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင် ဦးဆန့်အောင်က ပြောသည်။

"ဝန်ကြီးဦးအောင်မင်းက ဦးလဂျွန်ငံဆိုင်းကို ဗန်းမော်လေဆိပ်မှာ မတရားအသင်း ဆက်သွယ်မှု KIO နဲ့ ပတ်သက်လို့ အမှုတွေပယ်ဖျက်ဖို့ ဒီဟာတွေနဲ့ပတ်သက်လို့ မဖမ်းဆီးဖို့၊ ဖမ်းဆီးထားသူတွေကိုလည်း ပြန်လွှတ်ပေးဖို့ ပြောတယ်။ ဦးလဂျွန်ငံဆိုင်းက မြစ်ကြီးနားလေဆိပ်မှာ ဌာနဆိုင်ရာတွေကို ပြန်ညွှန်ကြားတယ်။ မနေ့က စလို့မတရားအသင်းနဲ့ဆက်သွယ်မှုဖျက်သိမ်းလိုက်တယ်" ဟုမဇ္ဈိမကို ပြောသည်။

သို့သော် ကချင်လွတ်လပ်ရေးအဖွဲ့ KIO နှင့် နီးနွယ်၍ မတရားအသင်း ဆက်သွယ်မှု ပုဒ်မ ၁၇(၁)နှင့် အကျဉ်းကျခံနေ ရသူများ မရှိဘဲ တခြားပုဒ်မများဖြင့်သာ ချမှတ်ခံနေရသူ အများအပြား ရှိသည်ဟု KIO ငြိမ်းချမ်းရေး ကိုယ်စားလှယ် ဒုဗိုလ်မှူးကြီး ဂျီးနောင်က ပြောသည်။

"KIO စစ်သားတွေဆိုရင် ခိုးမှုတွေ၊ လမ်းမှာ ဖမ်းတယ်ဆိုရင် ဘိန်း မှုတွေ၊ တခြား စာရွက်စာတမ်းမှုတွေပဲ ဖမ်းထားတာ။ ၁၇ နဲ့ကမရှိဘူးထင်တယ်။ ၁၉၉၄ အပစ်အခတ် ရပ်ကတည်းက ၁၇(၁)နဲ့မှ မချတာ။ အမြင်ကတ် ပုဒ်မတွေ၊ ရိုက်နှက်မှုတွေနဲ့ပဲ ထည့်တာ။အများက ဘိန်းမှုပဲ" ဟု မဇ္ဈိမကို ပြောသည်။ အစိုးရဘက်မှ KIO နှင့် ထပ်မံတွေ့ဆုံရန် ရှမ်းပြည်နယ်၊ မူဆယ်မြို့ နှင့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့ တနေရာကို ကမ်းလှမ်းထား သော်လည်း KIO ဘက်မှ တုံ့ပြန်ခြင်း မရှိသေးပေ။

အလုပ်သမားဝန်ကြီးဌာန အနိမ့်ဆုံးလစာ သတ်မှတ်

RFA ၊ ၁၈ ဇွန်။ ။ အလုပ်သမားဝန်ကြီးဌာန စက်မှုဇုန် စက်ရုံအလုပ်သမားတွေရဲ့ အနိမ့်ဆုံးယာယီလစာကို ကျပ် ငါးသောင်းခြောက်ထောင်ခုနစ်ရာ (၅၆၇၀၀) သတ်မှတ်လိုက်ကြောင်းနဲ့ လုပ်ငန်း ရှင်တွေဘက်ကလည်း ဒီသတ်မှတ်ချက်ကိုအမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ပေးဖို့အလုပ်သမားဝန်ကြီးဌာနက မေတ္တာရပ်ခံလိုက်ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၁၂ ရက်နေ့က လှိုင်သာယာစက်မှုဇုန် ကနောင်မင်းသားကြီးခန်းမမှာ ပြုလုပ်ခဲ့တဲ့ အလုပ်သမားရေးရာဝန်ကြီးဌာတာဝန်ရှိသူတွေနဲ့ အလုပ်ရှင်တွေ၊ အလုပ်သမားအရေးဆောင်ရွက်နေသူတွေ တွေ့ဆုံဆွေးနွေးမှုကိုအခြေခံပြီး အခုလို သတ်မှတ်လိုက်တာဖြစ်တယ်လို့ ဆွေးနွေးရာမှာပါဝင်တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက ပြောပါတယ်။

"လောလောဆယ် ညှိတာကတော့ ငါးသောင်း ခြောက်ထောင့်ခုနစ်ရာပါ။ အိုဗာတိုင် ၈၈ နာရီနဲ့ ရက်မှန်ကြေး ၃၀၀၀ ပါမှ ရတဲ့ကြေးပါ။ အခြေခံလစာက ၂၀၀၀ နဲ့ ၂၇ ရက်ကို ၂၇၀၀၀၊ အို ဗာတိုင်က ၈၈ နာရီ အဲတာတွေ အားလုံးပေါင်းမှ ကျွန်တော်တို့က ၅၀၇၀၀၊ ရက်မှန်ကြေး ၃၀၀၀ ပေါင်းမှ ၅၆၇၀၀၊ ဒါကျွန်တော်တို့ အလုပ်ရှင်တွေဘက်က ညှိနှိုင်းထားတဲ့ ကမ်းလှမ်းချက်ပေါ့လေ။ အဲဒီဟာနဲ့ပဲ သဘောတူတဲ့စက်ရုံတွေက သဘောတူပြီး လက်မှတ်ထိုးလိုက်ကြတယ်"

ဒ့ါအပြင် စက်ရုံတွေရဲ့ကဏ္ဍအလိုက် ယာယီ အခြေခံလစာကို တပြေးညီသတ်မှတ်ပေးဖို့လည်း အလုပ်သမားဝန်ကြီးဌာနက မေတ္တာရပ်ခံထားကြောင်း သိရပါတယ်။ ရန်ကုန် လှိုင်သာယာနဲ့ ရွှေပြည်သာစက်မှုဇုန်တွေမှာရှိတဲ့ ပုဂ္ဂလိကစက်ရုံ ၂၀ ကျော်က အလုပ်သမားတွေဟာ ပြီးခဲ့တဲ့လအတွင်း အခြေခံလစာတိုးမြှင့်ရေးအတွက် မိမိတို့ စက်ရုံအသီးသီးမှာ ဆန္ဒပြ တောင်းဆိုခဲ့ကြပါတယ်။

ယာယီ အခြေခံလစာ သတ်မှတ်ဖို့အတွက် အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ အလုပ်ရှင်တွေ၊ အလုပ်သမားကိုယ်စားလှယ်တွေ၊ ဆန္ဒပြ အလုပ်သမားခေါင်းဆောင်တွေ ဇွန်လ ၅ ရက်နေ့က စတင်ပြီး ညှိနှိုင်းခဲ့ကြပါတယ်။

အိုင်ယာလန်လူထု ဒေါ်စုကို ကြိုဆို

RFA ၊ ၁၈ ဇွန်။ ။ နော်ဝေကနေ အိုင်ယာလန်နိုင်ငံကို မနေ့ညနေပိုင်းက ရောက်ရှိလာတဲ့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အိုင်ယာလန်ပြည်သူတွေ ထောင်နဲ့ချီပြီး မြို့လယ်စင်မြင့်ကြီးမှာ တခမ်းတနားကြိုဆိုဂုဏ်ပြုခဲ့ကြပါတယ်။

ဒီဂုဏ်ပြုအခမ်းအနားမှာ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်ကို ဒပ်ဗလင်မြို့သူမြို့သားတွေ ချီးမြှင့်ခဲ့တဲ့ Free dom of the City ဂုဏ်ပြုလွှာကိုလည်း မြို့တော်ဝန် ကိုယ်တိုင် ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ အခုလို ဒပ်ဗလင်မြို့က ကြီးကျယ်ခမ်းနားလှတဲ့ ဂုဏ်ပြုမှုတွေဟာ သူ့ဘဝတလျှောက်လုံးအတွက် လုံးဝမေ့နိုင်တော့မှာ မဟုတ်ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်လာတဲ့ အိုင်ယာလန်ပြည် သူတွေကို ပြောကြားခဲ့ပါတယ်။

"အိုင်ယာလန်နိုင်ငံကလှိုက်လှိုက်လှဲလှဲကျွန်မကိုကြိုဆိုတာကို ကျွန်မရဲ့နှလုံးသားထဲကနေ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ရဲ့ဒီမိုကရေစီခရီးဟာ မပြီးဆုံးသေးတဲ့အတွက် အိုင်ယာလန်ပြည်သူတွေဟာ ဆက်လက်ပြီး အခုလို ကျွန်မတို့နဲ့ တသားတည်းရပ်တည်နေမယ်လို့ ယုံကြည်ပါတယ်" လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့ပါတယ်။

ဒီအခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုနဲ့အတူ သူရဲ့ဦးဆောင်မှုအရည်အချင်း၊ စွမ်းရည်သတ္တိနဲ့ ဉာဏ်ပညာကြီးမားမှုတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ အထူးရုပ်တုကိုလည်း မြို့တော်ဝန်က ပေးအပ်ခဲ့ပါတယ်။ အလားတူ AI ခေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ၂၀၀၉ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့တဲ့ Ambassador of Conscience Award အသိဉာဏ်ပညာထူးချွန်ဆုကိုလည်းဒပ်ဗလင်မြို့ကခမ်းနားကြီးကျယ်တဲ့ BordGaisEnergyTheatre မှာ ကျင်းပခဲ့ပြီး ကမ္ဘာကျော် ယူတူး တေးဂီတအဖွဲ့ခေါင်းဆောင် Bono က ဂုဏ်ပြုလွှာကို ပေးအပ်ခဲ့ပါတယ်။

ဒီအခမ်းအနားကို အခြား ကမ္ဘာကျော် ဂီတအနုပညာရှင်တွေဖြစ်တဲ့ Bob Geldof, Joely Richardson, Damien Rice နဲ့ Jack Gleeson တို့လည်း တက်ရောက်ခဲ့ကြပါတယ်။ ခြောက်နာရီကြာမြင့်တဲ့ အိုင်ယာလန်နိုင်ငံခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ဟာ အိုင်ယာလန်သမ္မတနဲ့အတူ အစိုးရအဖွဲ့ဝင်တွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

Smuggling of Migrants အကြောင်း သိကောင်းစရာ

ယခင်အပတ်အဆက်ဖြစ်ပါသည်

ခင်မမမျိုး

Smuggling of migrants ဆိုင်ရာ ရာဇဝတ်မှု သဏ္ဍာန်များ

migrants တွေကို အခြားနိုင်ငံတွင်းသို့ ခိုးသွင်းရာမှာ ပြစ်မှုကျူး လွန်သူတွေ အသုံးပြုလေ့ရှိတဲ့ ရာဇဝတ်မှုသဏ္ဍာန်တွေ မတူညီပါဘူး။ ပထမတမျိုးကတော့ အရေးပေါ် ခိုးသွင်းပေးမှုဖြစ်ပါတယ်။ ဒီသဏ္ဍာန်မှာ migrants တွေကို နိုင်ငံ (အေ) ကနေ နိုင်ငံ (ဘီ) ကိုခိုးသွင်းဖို့အတွက် ကြိုတင်ပြင်ဆင်ထားတဲ့ organized tripမပါဝင်ပါဘူး။ သူတို့တတွေဟာ နိုင်ငံ (အေ) အတွင်းမှာ တရားဝင်လှုပ်ရှားသွားလာပြီးမှ၊ နိုင်ငံ (ဘီ) နဲ့ အနီးဆုံး နယ်စပ်ကို ရောက်ရှိသွားကြပါတယ်။ အဲဒီကနေ ဒေသခံတွေကို ငွေပေးပြီး၊ တရားမဝင်နယ်စပ် ဖြတ်ကျော်ရေးအတွက် အသုံးပြုကြပါတယ်။ ဒီရာဇဝတ်မှုမှာ လူတဦးတယောက် (သို့မဟုတ်) လူတစုကို အခြားနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်သွားနိုင်ရေးအတွက် ငွေကြေးရယူပြီး ဆောင်ရွက်ပေးသူများဟာ လူတဦးတယောက်၊ တဖွဲ့တည်းတင်မကပဲ လူများစွာ၊ အဖွဲ့များစွာ အဆင့်ဆင့် ပါဝင်နေတတ်ပါတယ်။

နောက်ထပ် သဏ္ဍာန်တမျိုးကတော့ စာရွက်စာတမ်း အတုများ အသုံးပြုမှု ဖြစ်ပါတယ်။ နိုင်ငံ (အေ) ကနေ နိုင်ငံ (ဘီ) ကို migrants တွေ ခိုးသွင်းရန် (သို့မဟုတ်) နိုင်ငံ (ဘီ) အတွင်းသို့ တရားမဝင်ရောက်နေသူများ နိုင်ငံတွင်းတွင် ဆက်လက်နေထိုင်နိုင်ရန်အတွက် နိုင်ငံ (အေ) မှာ နေထိုင်သူကဖြစ်စေ၊ နိုင်ငံ (ဘီ) မှာ နေထိုင်သူက ဖြစ်စေစာရွက်စာတမ်းအတုများ ပြုလုပ်ပေးမှုဖြစ်ပါတယ်။ ဒီရာဇဝတ်မှုမှာ နိုင်ငံကူးလက်မှတ် အတုများ၊ ဗီဇာအတုများ နဲ့ အခြားဆက်စပ် စာရွက်စာတမ်းအတုများပြုလုပ်ပြီး ခိုးသွင်းမှု (သို့မဟုတ်) ဆက်လက်နေထိုင်နိုင်ရန် ကြိုးပမ်းပေးမှုတွေ ပါဝင်ပါတယ်။

စာရွက်စာတမ်းအတုများပြုလုပ်ပေးမှုမှာ အတုအယောင်လက်ထပ်ခြင်းနဲ့ နိုင်ငံရေးဒုက္ခသည်များအဖြစ် လိမ်လည်ခံယူရန် ငွေကြေးများ ရယူဆောင်ရွက်ပေးမှု စတာတွေ ပါဝင်ပါတယ်။ စာရွက်စာတမ်းအတုများဆိုရာမှာ ပတ်စ်ပို့အတုများ၊ ပတ်စ်ပို့ဓာတ်ပုံများခွာယူ၍အသစ် ပြန်ကပ်မှုများ၊ ခိုးယူထားသော ပတ်စ်ပို့များတွင် အချက်အလက်များ ပြင်ဆင်ထည့်သွင်းမှုများ၊ နိုင်ငံရေးဒုက္ခသည် မခံယူခင်ပတ်စ်ပို့များအားဖျက်ဆီးလွှင့်ပစ်ရန် အကြံပေးချက်များ၊ ဖျောက်ဖျက်ပေးမှုများ စတာတွေ ပါဝင်ပါတယ်။

နောက်ထပ်ရာဇဝတ်မှုသဏ္ဍာန်တမျိုးကတော့ကြိုတင်ပြင်ဆင်ထားမှုများ ပါဝင်သော stage- to – stage smuggling ဖြစ်ပါတယ်။ ဒီသဏ္ဍာန်မှာ နိုင်ငံ (အေ) ကနေ နိုင်ငံ (ဘီ) (လမ်းခရီးတွင် အခြားနိုင်ငံများတွင်လည်း transit လုပ်ရမှုများ ရှိနိုင်သည်) သို့ ခိုးဝင်ရမယ့်သူများဟာ လမ်းခရီးအတွက် ကိုယ်တိုင် ကြိုတင်ပြင်ဆင်ထားရန်မလိုအပ်ပါဘူး။ သက်ဆိုင်ရာနိုင်ငံအလိုက် stage co-ordinators များ ရှိပါတယ်။ ဒီလူတွေဟာ ကွန်ယက်သဏ္ဍာန် ချိတ်ဆက်ထားပြီး၊ တခါတရံမှာလဲ တဖွဲ့တည်းဖြစ်နေတတ်ပါတယ်။

ဥပမာ- နိုင်ငံ (အေ) ကနေ လူတယောက်ကို နိုင်ငံ (စီ)ကို ပို့ပေးသူက တယောက်၊ နိုင်ငံ (စီ) မှာ ခေတ္တဝှက်ထားပေးပြီးနိုင်ငံ (ဒီ) သို့ သွားရမည့် အိုင်ဒီအတု စီစဉ်ပေးသူက တယောက်၊ နိုင်ငံ (ဒီ) ရောက်ချိန်တွင် အခြား အိုင်ဒီအတုများ ထပ်မံစီမံပြီးမှ နိုင်ငံ (ဘီ) သို့ ပို့ဆောင်ပေးသူများက တယောက်၊ နိုင်ငံ (ဘီ) သို့ ရောက်ချိန်တွင် ကြိုဆိုလက်ခံထားသူက တယောက်၊ နိုင်ငံ (ဘီ)တွင်အိုင်ဒီအတုများ ဖျောက်ဖျက်ပေးပြီး၊ တရားဝင်နေထိုင်ခွင့် ရရှိစေရန် လုပ်ဆောင်ပေးသူများက တယောက်ဖြစ်နေတတ်ပါတယ်။ ဒီလူတွေ အားလုံးဟာ ချိတ်ဆက်မှုနှင့်ဖြစ်စေ၊ အဖွဲ့တခုတည်းအနေနှင့်ဖြစ်စေ stage- to- stage smuggling process ကြီး တခုလုံးမှာပါဝင်ပြီး ရာဇဝတ်မှု ကျူးလွန်ကြသူများ ဖြစ်ပါတယ်။

smuggling process တွင် ပါဝင်သူများ

smuggling process မှာ အော်ပရေးရှင်းတခုလုံး (သို့မဟုတ်) အဆင့်တဆင့်ကို ကြီးကိုင်စီမံကြတဲ့ co-ordinators တွေရှိပါတယ်။ co-ordinators တွေမှာ အဆက်အသွယ်များစွာရှိပြီး၊ ဆက်သွယ်ရေးစနစ်၊ နေရာချထားရေးအစီအမံ၊ လမ်းကြောင်း စတာတွေအားလုံးကို တာဝန်ယူကြီးကြပ်စီမံလေ့ရှိကြပါတယ်။ co-ordinators တွေဟာ နောက်ကွယ်ကနေ ကြိုးကိုင်စီမံလေ့ရှိကြတဲ့အတွက် သူတို့ကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်သေအထောက်အထားများရယူရန် ခဲယဉ်းတာကြောင့် co-ordinators များကိုပစ်မှတ်ထားပြီး စုံစမ်းသူများဟာ covert နည်းလမ်းတွေကို အသုံးပြုလေ့ရှိကြပါတယ်။

နောက်ထပ် တမျိုးကတော့ recruiters တွေဖြစ်ပါတယ်။ သူတို့တတွေက smuggling လုပ်မယ့်သူတွေနဲ့ migrants တွေအကြားမှာ ဆက်သွယ်ပေးရသူများဖြစ်ပါတယ်။ migrants များနဲ့ recruiters တွေဟာ လူမျိုးတူတွေ ဖြစ်တာများပြီး၊တခါတရံ အိမ်နီးချင်းတွေ၊ အသိမိတ်ဆွေတွေဖြစ်တတ်ပါတယ်။ တရားမဝင် ခိုးသွင်းမှုမှာပါဝင်ပတ် သက်နေတဲ့ recruiters တွေဟာ မိခင်နိုင်ငံတွေမှာ အခြေချနေထိုင်သူများဖြစ်လေ့ရှိပြီး၊ ရံဖန်ရံခါမှာတော့ နိုင်ငံရပ်ခြားမှ အလည်အပတ်ပြန်လာသူများလဲ ဖြစ်တတ်ပါတယ်။

Recruiters တွေဟာ မိခင်နိုင်ငံမှာ နေထိုင်သူများထဲမှ နိုင်ငံရပ်ခြားသို့တရားဝင်သွားရောက်ရန်ခက်ခဲနေသူများကိုသတင်းအချက်အလက်မှားများပေးခြင်းမက်လုံးများပေးခြင်း (နိုင်ငံဘီတွင်သွားရောက်အလုပ်လုပ်ပါက ဘယ်နှစ်နှစ်အတွင်း ချမ်းသာမည် စသည်များ) ဖြင့် သွားရောက်နိုင်ရန် ကူညီပေးမည်ဆိုကာ smuggling process ထဲသို့ သွတ်သွင်းတတ်ပါတယ်။ နိုင်ငံတွင်းတရားမဝင်နေ ထိုင်မှုမှာလဲ recruiters တွေဟာ လူမျိုးတူတွေ ဖြစ်တာ များပြီး၊ လူ့အဖွဲ့အစည်းထဲမှာ စိမ့်ဝင်နေတတ်ပါတယ်။

တရားမဝင်နေထိုင်သူများ၊ တရားဝင်နေထိုင်ရန် အခက်အခဲဖြစ်နေသူများကို ပစ်မှတ်ထားပြီး စည်းရုံးလေ့ရှိပါတယ်။ အဲဒီကနေတဆင့် migrants smuggling လုပ်နေသူများနဲ့ ထပ်မံဆက် သွယ်ပေးကြပါတယ်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

နောက်ထပ်တမျိုးကတော့ လမ်းခရီး သယ်ယူပို့ဆောင်ရေးမှာ အဆင်ပြေဖို့အတွက် လုပ်ဆောင်ပေးတဲ့ transporters တွေနဲ့လမ်းပြတွေ ဖြစ်ပါတယ်။ လမ်းခရီးအဆင့်ဆင့်မှာ လမ်းပြတယောက် (သို့မဟုတ်) တစုရဲ့ လက်ထဲကနေ အခြားလမ်းပြတွေရဲ့ လက်ထဲကို ထပ်မံလွှဲပြောင်းပေးမှုတွေလဲ ရှိနိုင်ပါတယ်။ ကားမောင်းသမားတွေ၊ လမ်းပြတွေ (သို့မဟုတ်) လေယာဉ်နဲ့လူအများကို ဦးစီးခေါ်ဆောင်သူတွေဟာ smuggling operation ကို လုပ်ဆောင်နေတဲ့အဖွဲ့ဝင်တွေဖြစ်နိုင်သလို၊ကန်ထရိုက်အနေနဲ့ လုပ်ကိုင်သူများလဲဖြစ်တတ်ပါတယ်။

နောက်ထပ်တမျိုးကတော့ အခြေအနေကို စောင့်ကြပ်ကြည့်ရှုပေးရတဲ့ spotters တွေ ဖြစ်ပါတယ်။ ရဲ၊ စစ်တပ်၊ လူဝင်မှုကြီးကြပ်ရေးတို့ရဲ့ လှုပ်ရှားမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုပေးရပြီး၊ လှုပ်ရှားလို့ ရနိုင်မယ့် အခြေအနေနဲ့ အချိန်အခါတွေကို မီးစိမ်းပြ ပေးရသူများဖြစ်ပါတယ်။ နောက်ထပ်တမျိုးကတော့ လာဘ်စားသော ပြည်သူ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့၊ စစ်မှုထမ်း၊ လူဝင်မှုကြီးကြပ်ရေးစသူများက လာဘ်စားပြီး၊ smuggling operation တွေကိုမသိချင်ယောင်ပြီး လွှတ်ပေးတာတွေရှိပါတယ်။

နောက်တမျိုးကတော့ smuggling process အဆင့်ဆင့်မှာ တည်းခိုနေထိုင်ခွင့်ပြုထားတဲ့ နေရာတွေဖြစ်ပါတယ်။ ဟိုတယ်၊တည်းခိုခန်းနဲ့ လူနေအိမ် စတာတွေပါဝင်ပါတယ်။ ဒီလို ရာဇဝတ်မှုတွေမှာ တည်းခိုခန်းပိုင်ရှင်တွေပါ ပါဝင်ပတ်သက်နေတဲ့အခါစုံစမ် အရေးယူသူများအတွက် အခက်အခဲဖြစ်စေနိုင်ပါတယ်။ နောက်တမျိုးကတော့smuggling processအောင်မြင်သွားစေရန်အတွက် ငွေကြေးရယူပြီး သတင်းထိန်ချန်ထားသူများဖြစ်ပါတယ်။ကားနဲ့ရထားလက်မှတ်ရောင်းသူများ၊ တက္ကစီကားမောင်းသူများ၊လေကြောင်း ဝန်ထမ်းများ၊ လေ့ပိုင်ရှင်များနှင့် လေ့သားများ၊ကားစက်ပြင်များပါဝင်နိုင်ပါတယ်။ နောက်ထပ်တမျိုးကတော့ရာဇဝတ်မှုများကနေ ရလာတဲ့ ငွေမည်းတွေကို ငွေဖြူဖြစ်အောင်ပြုလုပ်ရာမှာ ကူညီလုပ်ဆောင်ပေးသူများဖြစ်ပါတယ်။

ဒီလို active role မှာ ပါဝင်သူတွေအပြင် passive role မှာ ပါဝင်နေသူတွေလဲရှိပါတယ်။ ဥပမာ-တက္ကစီမောင်းသမား တယောက်ဟာ လူအုပ်စုကို မြင်ချိန်မှာ illegal immigrants တွေမှန်းသိမြင်ပေမယ့်၊ safe house ကို လိုက်လံ ပို့ဆောင်ပေးပြီး ပုံမှန်ကြေးပဲတောင်းယူခဲ့ပေမယ့်၊ သက်ဆိုင်ရာကို သတင်းအချက်အလက် ပေးပို့ မှုမရှိပဲ blind eye လုပ်ခဲ့ရင် ဒါဟာလဲ passive role မှာ ပါဝင်ပတ် သက်ခြင်းပဲ ဖြစ်ပါတယ်။

နိဂုံး

smuggling of migrants ဆိုတဲ့ ရာဇဝတ်မှု ပေါ်ပေါက်လာရတဲ့ အခြေခံအကြောင်းရင်းတွေဟာ အလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှု စတာတွေကနေ ရုန်းထွက်ဖို့အတွက် ဘဝအခြေအနေ ပိုမိုကောင်းမွန်စေနိုင်မယ့် တိုင်းပြည်တွေကို migration လုပ်မှုတွေပဲ ဖြစ်ပါတယ်။ ဒီလို အခြေအနေတွေကို ငွေကြေး (သို့မဟုတ်) အခြားတစုံတရာ အကျိုးအမြတ်အတွက် အခွင့်ကောင်းယူပြီးဖြစ်စေ၊ နစ်ဦးနစ်ဘက် အကျိုးရှိတဲ့အလုပ်လို့ ထင်မြင်၍ဖြစ်စေ လုပ်ဆောင်ကြရာကနေ smuggling operations တွေမှာ ရာဇဝတ်မှုမှန်းသိရက်နဲ့ ဖြစ်စေ၊မသိ၍ပဲဖြစ်စေ ပါဝင်ပတ်သက်နေသူတွေ အများအပြားရှိလာပါတယ်။ ဒေါသကြောင့်ဖြစ်တဲ့ လူသတ်မှုတခုမှာ သတ်မိသူကို စာနာနားလည် ပေးလို့ ရနိုင်ပါတယ်။ သို့ပေမယ့် သက်သေအထောက်အထား ဖျောက်ဖျက်ပေးရင်တော့ လူသတ်မှု ကြံရာပါ ဖြစ်သွားနိုင်ပါတယ်။

ဆင်းရဲနွမ်းပါးမှုကနေ ပေါ်ထွက်သွားတဲ့ လုယက်မှုတခုမှာလုယက်သူရဲ့ ဘဝအခြေအနေကို စာနာနားလည် ပေးကြလို့ရနိုင်ပါတယ်။ သို့ပေမယ့် ဆင်းရဲနွမ်းပါးသူတွေ လုယက်ကြပါလို့ အားပေးလှုံ့ဆော်တာတွေ၊ လုယက်လာတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချပေးတာကိုတော့ ဘယ်လိုနိုင်ငံရဲ့ ဥပဒေကမှ ခွင့်ပြုကြမှာ မဟုတ်ပါဘူး။ ဒီအတိုင်းပါပဲ။ smuggling of migrants ဟာ (၂၁) ရာစုကမ္ဘာရဲ့နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတွေကို နှိမ်နင်းရေးဆိုင်ရာ ရာဇဝတ်ပြစ်မှုတခုဖြစ်တဲ့အတွက် smuggling operations တွေမှာ သိရက်နဲ့ဖြစ်စေ၊ မသိပဲဖြစ်စေ ပါဝင်ပတ်သက်ခြင်းများကို ရှောင်ရှားပြီး၊ လူ့အဖွဲ့အစည်းအတွင်းမှာ Rule of Law ရှိလာအောင် ဝိုင်းဝန်းဆောင် ရွက်ဖို့လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

✡✡✡✡✡

စိတ်ခေါ်ချက်များစွာ ကျန်နေသဲ

RFA । ဂျွန်လ ၁၉ ॥ ॥ မြန်မာနိုင်ငံအတွင်းက ပြောင်းလဲမှုတွေမှာ အကောင်းဘက်ပြောင်းလဲမှုတွေရှိပေမဲ့ စိန်ခေါ်ချက်တွေ အများကြီး ကျန်နေသေးတာကို သိစေလိုတယ်လို့ Amnesty International အဖွဲ့ အရာရှိကြီးတဦးက ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥရောပခရီးစဉ်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မြန်မာနိုင်ငံက အပြုသဘောဆောင်တဲ့ တိုးတက်မှု ပြယုဂ် ခရီးစဉ်အဖြစ်လည်း သတ်မှတ်လိုက်ပါတယ်။

အိုင်ယာလန်နိုင်ငံ၊ ဒပ်ဗလင်မြို့မှာ မနေ့ကပြုလုပ်တဲ့ AIအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကိုချီးမြှင့်တဲ့ ၂၀၀၉ ခုနှစ်အတွက် Ambassador of Conscience ဆု အပ်နှင်းပွဲနဲ့ ဒပ်ဗလင်မြို့ရဲ့ လွတ်လပ်တဲ့နိုင်ငံသားဆုပေးပွဲအပြီးမှာ AI အဖွဲ့ အာရှနဲ့ပစိဖိတ်ဒေသ ဒုတိယအကြီးအကဲ Ms Donna Guest က RFA ကို ပြောကြားခဲ့တာပါ။

RFA နဲ့တွေ့ဆုံမေးမြန်းခန်းမှာ နိုင်ငံရေးအကျဉ်းသားတွေအများကြီးလွတ်ပေးတဲ့ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေကို မိမိတို့ ကိုယ်တိုင် သိမြင်အသိအမှတ်ပြုတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ မြန်မာပြည်သူတွေနဲ့ မြန်မာနိုင်ငံကို သတိပေးလိုတာက စိန်ခေါ်ချက်တွေ အများကြီး ကျန်နေသေးတာပဲ ဖြစ်တယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံတွင်း အကျဉ်းထောင်တွေထဲမှာ ကျန်ရှိနေသေးတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများအပြင် မပြီးဆုံးသေးတဲ့ တိုင်းရင်းသားတွေနဲ့ ဖြစ်ပွားနေတဲ့ ပဋိပက္ခများနဲ့ မကြာသေးခင် က ဖြစ်ပျက်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းက ဖြစ်ရပ်တွေကို ရည်ညွှန်းပြောဆိုသွားပါတယ်။

AI အဖွဲ့အနေနဲ့ မြန်မာနိုင်ငံက လူ့အခွင့်အရေး တိုးတက်မှုတွေအတွက် အမြဲစောင့်ကြည့် မှတ်တမ်းတင်သွားမှာ ဖြစ်တယ်လို့လည်း သူကပြောသွားပါတယ်။

မြန်မာသတင်းလောကရဲ့ ဩဇာအရှိန်အဝါကြီးသူ သတင်းစာဆရာကြီး လူထုဦးစိန်ဝင်း ကွယ်လွန်

DVB ၊ ဇွန်လ ၁၈ ။ ။ မြန်မာသတင်းစာလောကမှာ ဩဇာရှိပြီး ချစ်ခင်လေးစားကြတဲ့ သတင်းစာဆရာကြီးလူထုစိန်ဝင်းဟာ ကျန်းမာရေးအခြေအနေဆိုးရွားလာတာကြောင့် ရန်ကုန်မြို့ ရွှေဂုံတိုင် SSC အထူးကုဆေးရုံမှာ တက်ရောက်ကုသနေစဉ် မနေ့ည ၁၁ နာရီခွဲလောက်က ကွယ်လွန်သွားပါတယ်။လူထုစိန်ဝင်းစျာပနကို ကူညီလုပ်ကိုင်ပေးနေတဲ့ တပည့်သားချင်းတဦးက"ဆရာ မနေ့ည ၁၁ နာရီခွဲက ဆုံးသွားပါတယ်။ မနေ့မနက်က ၁၀ နာရီခွဲလောက်က ဆေးရုံတင်တာပါ။ ဆရာနေ မကောင်းတာကတော့ မတ်လလောက်ကတည်းက နေမကောင်းနေတာ။ စာမရေးနိုင်တာလည်း ၂ လလောက်ရှိပါပြီ။ အရင်ရှိတဲ့ ရောဂါအခံနဲ့ပဲဆုံးသွားတာ" လို့ပြောပါတယ်။

ကွယ်လွန်ချိန်မှာ အသက် ၇၂ နှစ်ရှိပြီဖြစ်တဲ့ လူထုစိန်ဝင်းဟာ လေဖြတ်ဝေဒနာ နှစ်ပေါင်းများစွာခံစားနေရကာ အောက်ဆီဂျင်ပိုက်နဲ့ အသက်ဆက်နေရသူ ဖြစ်ပါတယ်။ သူ့ရဲ့စျာပနကို အင်္ဂါနေ့မွန်းလွဲ ၂ နာရီလောက် ရေဝေးသုသာန်မှာ မီးသဂြိုဟ်ဖို့ အစီအစဉ်ရှိပါတယ်။လူထုစိန်ဝင်းကွယ်လွန်သွားတာနဲ့ပတ်သက်ပြီး စာရေးဆရာကြီး ဒဂုန်တာရာကတော့ လူထုစိန်ဝင်းဟာ အမှန်ကိုမြင်တဲ့ ပြည်သူ့ဘက်ကရပ်တည်ခဲ့တဲ့ သတင်းစာဆရာတဦး ဖြစ်တယ်လို့ ပြောပါတယ်။

"ကိုစိန်ဝင်းက ကျနော်သိပ်အရင်းနှီးဆုံးပေ့ါ။ သူဆုံးသွားတော့ ကျနော်စိတ်မကောင်းဖြစ်ပါတယ်။ သူက ပြည်သူတွေဘက်က ရပ်တည်ခဲ့တာပဲ။ ခုလို ဆုံးသွားတဲ့အတွက် သူ့နေရာမှာ အစားထိုးဖို့ခက်တယ်။ အစားထိုးလို့ မရဘူး။ သတင်းစာဆရာတယောက်အနေနဲ့ကတော့ လူကောင်းတယောက်ပဲ။ အမှန်ကိုမြင်တယ် မြင်လည်းမြင်တယ်။ တိုင်းပြည် အကျိုးပြုတဲ့အထဲမှာပါတဲ့ လူတယောက်ပဲ။"

သတင်းစာဆရာကြီး ဦးဝင်းတင်ကတော့ လူထုစိန်ဝင်းဟာအမှန်တရားဘက်က ရပ်ရုံတင်မက အမှားတရားတွေကို တိုက်ဝံ့တဲ့သူဖြစ်တယ်လို့ မှတ်ချက်ပေးပါတယ်။

"ကိုစိန်ဝင်းဟာ အမြဲတမ်း အမှန်တရားဘက်က ရပ်ရုံတင် မဟုတ်ဘူး အမှားတရားကိုတိုက်ဝံ့တဲ့လူ။ အမှန်ဘက်ကရပ်ဝံ့တယ်။ ရပ်တယ်။ ရပ်ရုံတင်မဟုတ်ဘူး၊ အမှားတွေများနေတဲ့အခါမှာ အမှားကိုတိုက်ဝံ့တယ်။ နောက်တချက်ကတော့ အပြောင်းအလဲကို တောင်းဆိုရဲတဲ့ လူဖြစ်တယ်လို့ ကျနော်ပြောချင်ပါတယ်။

ပြည်သူ့ဘက်ကနေရပ်ခဲ့တဲ့ သတင်းစာဆရာ၊ အမှားတရားကို တိုက်ခဲ့တဲ့သတင်းစာဆရာ၊ အမှန်တရားဘက်ကရပ်ခဲ့တဲ့ သတင်းစာဆရာ၊ အပြောင်းအလဲတွေကို တောင်းဆိုရဲတဲ့ သတင်းစာဆရာအနေနဲ့ ကွယ်လွန်သွားပြီ။ သတင်းစာဆရာတဦး ကွယ်လွန်သွားတာတိုင်းပြည်အတွက်လည်း ဆုံးရှုံးမှု၊ လူ့ဘောင်လူ့အဖွဲ့အစည်းအတွက်လည်း ဆုံးရှုံးမှု၊ ပြည်သူပြည်သားတွေအတွက်လည်း ဆုံးရှုံးမှုဖြစ်တယ်။

အဲဒါအတွက် စိတ်မကောင်းဖြစ်တာနဲ့အတူ ပြောချင်တာကတော့ ရှိတ်စပီးယားပြဇာတ် ထဲကလိုပေ့ါဗျာ။ ကိုစိန်ဝင်းကားသေလေပြီ။ သက်တော်ရာကျော်ရှည်ပါစေသတည်းလို့ အဲသလိုပဲ ဆုတောင်းရတော့မှာပဲ။ ကိုစိန်ဝင်း ကွယ်လွန်သွားတယ်။ သို့သော် ကိုစိန်ဝင်း အယူအဆတွေ၊ သဘောထားတွေ စံနမူနာတွေ၊ ရပ်တည်ချက်တွေ၊ သူ့ရဲ့လမ်းပြချက်တွေဟာဖြင့် ဆက်ပြီးတော့ သက်တော်ရာကျော်ရှည်ပါစေလို့ ကျနော်ဆုတောင်းပါတယ်။"

လူထုဦးလှနဲ့လူထုဒေါ်အမာတို့ရဲ့သားဖြစ်သူ စာရေးဆရာ ညီပုလေးကတော့ လူငယ်တွေအတွက် စံနမူနာယူစရာ သတင်းစာသမားတဦးဖြစ်တယ်လို့ပြောပါတယ်။

"အဖေတို့ အမေတို့ လူထုတိုက်ကနေ အနုပညာလောကမှာ အဖေတို့ အမေတို့ရဲ့ တူ၊ သားတွေ ထွက်ပေါ်ခဲ့တယ်ဗျ။ အဲ့ပုဂ္ဂိုလ်တွေက သူတို့ကျရာနယ်ပယ်တွေမှာ တာဝန်ကျေခဲ့ကြတယ်။ အဲ့အထဲမှာ ဆရာလူထုစိန်ဝင်းကလည်း တယောက်အပါအဝင် ဖြစ်တယ်ဗျ။ သတ္တိပြောင်တယ်ဗျ။ ကလောင်စကားထက်တယ်ဗျ။ စာပေဩဇာကြီးတယ်။ စာဖတ်ပရိသတ်တွေရဲ့ မေတ္တာကို အများကြီးခံယူရတဲ့လူဗျ။

နောက် သူ့အလုပ်တွေအများကြီး လုပ်သွားတယ်ဗျ။ ဆောင်းပါးတွေ မရေမတွက်နိုင်ဘူးထင်တယ်။ သူ့လုပ်ရပ်တွေ ရပ်တည်ချက်တွေကို ကျနော်ဟာလေးစားတယ်။ အားကျတယ်။ နောက် မျိုးဆက်တွေ စာနယ်ဇင်းဖွံ့ဖြိုးလာတဲ့အခါ စာနယ်ဇင်းသမားတွေ ဆရာ့ကို အားကျဖို့ အတုယူဖို့ကောင်းတယ်။ဆရာနမူနာကောင်းတွေ အများကြီးပြခဲ့တာဗျ။ ဆရာဆုံးတာဟာ နိုင်ငံရေးစာပေနယ်ရော၊ စာနယ်ဇင်းနယ်ရော အလွန်ကိုကြီးမားတဲ့ဆုံးရှုံးမှုကြီးလို့ ကျနော် ခံစားရတယ်ဗျ။"

လူထုစိန်ဝင်းကို မန္တလေးမြို့မှာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ် ၁၃ ရက်နေ့မှာမွေးဖွားခဲ့ပြီး မန္တလေးနဲ့ရန်ကုန်တက္ကသိုလ်တွေမှာပညာဆည်းပူးခဲ့ပါတယ်။ လူထုသတင်းစာတိုက် မန္တလေးနဲ့ ရန်ကုန်တိုက်ခွဲတွေမှာ အယ်ဒီတာ အဖွဲ့ဝင်တဦးအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၆၇ ခုနှစ် လူထုသတင်းစာ တိုက်ပိတ်ခံရချိန်ထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့ အာဏာသိမ်း တော်လှန်ရေးကောင်စီ အစိုးရလက်ထက်မှာ ဖမ်းဆီးခံရပြီး ကိုကိုးကျွန်းကို ပို့ဆောင် ထိန်းသိမ်းခံခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ တဦးအပါအဝင်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အင်းစိန်ထောင်မှာ ပြောင်းရွှေ့ထိန်းသိမ်းခံခဲ့ရပါတယ်။

ထောင်ကပြန်လွတ်ပြီးနောက် လေဖြတ်ဝေဒနာကြောင့် ခန္ဓာကိုယ်ညာဘက်တခြမ်း သေသွားခဲ့ပေမယ့် ဘယ်လက်နဲ့ စာရေးလေ့ကျင့်ကာ လူငယ်တွေ၊ အမျိုးသမီးတွေအတွက် ဘဝအားမာန်ဖြစ်စေတဲ့ အ ကြောင်းတွေ၊ မြန်မာ့အရေးနဲ့ နိုင်ငံတကာရေးရာတွေကို ပြည်တွင်းထုတ်ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ မကွယ်လွန်ခင် လပိုင်းအချိန်ထိ အဆက်မပြတ် ရေးသားခဲ့သူဖြစ်ပါတယ်။

စာရေးရာမှာ ဝင်းဇော်၊ ဇာမဏီစတဲ့ ကလောင်ခွဲပေါင်း ၁၅ ခုလောက်အသုံးပြုခဲ့ပြီး ဘာသာပြန်နဲ့ ပင်ကိုယ်ရေးအပါအဝင် စာအုပ်ပေါင်း ၂၀ ကျော် ထုတ်ဝေခဲ့ပါတယ်။လူထုစိန်ဝင်းရေးသားခဲ့တဲ့ထင်ရှားတဲ့ဘာသာပြန် စာအုပ်တွေကတော့ တောင်ဗီယက်နမ်မှ ငရဲခန်းများ၊ အလံမလှဲစတမ်း၊ အဖြူနဲ့အဝါ၊အဖြူနဲ့အမဲစတဲ့စာအုပ်တွေဖြစ်ပါတယ်။ ပင်ကိုယ်ရေးဝတ္ထုထဲမှာ စောမိုခမ်းဝတ္ထုဟာ ထင်ရှားသောလက်ရာတခု ဖြစ်ပါတယ်။ သတင်းစာပညာနဲ့ပတ်သက်ပြီးလည်း စာနယ်ဇင်း အရေးအသား ပုံစံသစ်၊ သတင်းစာပညာ သောင်းပြောင်းထွေလာစတဲ့စာအုပ်တွေ ထုတ်ဝေခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်လွတ်မြောက်ရေးအတွက် ပြည်သူ့ဘက်က အစဉ်ရပ်တည်ပြီး ဝေဖန်ရေးသားပြောဆိုလေ့ရှိသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ဝေဖန်ထောက်ပြမှုတွေ ပြု လုပ်ခဲ့ဖူးပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဝေလမင်းသားနဲ့ဇနီးကို ကလီရင့်စံအိမ်မှာ တွေ့ဆုံ

Mizzima ၊ ဂျွန်လ ၂၁ ။ ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံသို့ရောက်ရှိနေစဉ် အဆင့်အမြင့်ဆုံး နိုင်ငံရေးတွေ့ဆုံခွင့်တခုအဖြစ် အိမ်ရှေ့စံ ဝေလမင်းသား ချားလ်စ်နှင့် ဇနီးကမီလာတို့အား လန်ဒန်မြို့ ကလီရင့်စံအိမ်၌ ဇွန်လ ၂၁ ရက်နေ့က တွေ့ဆုံခွင့်ရခဲ့သည်။

Range Rover ကားပေါ်မှ ဒေါ်အောင်ဆန်းစုကြည်ဆင်းလာစဉ် တော်ဝင်ဇနီးမောင်နှံက ကလီရင့်လှေကားမှ စောင့်ကြိုနေကြပြီး အိမ်ရှေ့စံမင်းသားက လက်ဆွဲနှုတ်ဆက်ကာ ပဋိသန္ထာရစကားအနည်းငယ် ပြောဆိုပြီး မြို့စားကတော်ကြီးက စံအိမ်တွင်းဖိတ်ခေါ်ကာ ဝင်ရောက်သွားကြသည်ဟု ဗြိတိန်သတင်းဌာနများက ရေးသားကြသည်။သုံးဦးသားမိနစ် ၄၀ ကြာ ပြောဆိုဆွေးနွေးမှုနှင့်ပတ်သက်၍စံအိမ်မှတစုံတရာ တရားဝင် ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်းဒေါ်အောင်ဆန်းစုကြည်နေအိမ်ချုပ်မှ လွတ်မြောက်လာပြီးနောက်မြန်မာပြည် ဒီမိုကရေစီအရေးချီတက်မှုများ ပြောဆိုဖြစ်ကြမည်ဟု ဗြိတိန်သတင်းစာများက ခန့်မှန်းသည်။

ထို့နောက် အနက်ရောင် ကျူလစ်တံတိုင်းမွေး ပင်ပျိုးလေးများ ရှိရာကလီရင့် ဥယျာဉ်တော်ထဲသို့ လမ်းလျှောက်ကာ ပန်းပင်လေးများ စိုက်ပျိုးခဲ့ကြသေးသည်။ ထိုသို့ တော်ဝင်မောင်နှံနှင့် မတွေ့ဆုံမီ ဗြိတိသျှ နန်းရင်းဝန်အား ဒေါင်းနင်းလမ်းနေအိမ်တွင် ဒေါ်အောင်ဆန်းစုကြည် သွားရောက်တွေ့ ဆုံခဲ့သေးသည်။

ကမ္ဘာ့သမိုင်းဝင် အိမ်နံပါတ် ၁၀ တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ယခုလို တွေ့ဆုံခွင့်ရခြင်းမှာ "မျှော်လင့်ရခဲ မျှော်လင့်ချက် နည်းနည်းသာ ထားခဲ့ပေမယ့် တကယ့်ကြီးမြတ်တဲ့ အခိုက်အတံ့ပါပဲ" ဟု ဝန်ကြီးချုပ် ကင်မရွန်းက ပြောဆိုခဲ့သည်။

"ဒီနှစ်တွေအတွင်းမှာ ခင်ဗျားဟာဖြင့် သူရသတ္တိရဲ့သင်္ကေတ ဖြစ်ခဲ့ပြီး ကျနော်တို့ပြည်သူတွေ၊ ခင်ဗျားရဲ့ပြည်သူတွေနဲ့ တကမ္ဘာလုံးက ပြည်သူတွေအတွက်မျှော်လင့်ချက်ဖြစ်ပါတယ်"ဟုဒေးဗစ်ကင်မရွန်းက ဒေါ်အောင်ဆန်းစုကြည်အား ချီးကျူးပြောဆိုလိုက်သည်။

ဒေါင်းနင်းလမ်း၊ အိမ်အမှတ် ၁၀ သည် ၁၉၄၇ ခုနှစ်က မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှ ကိုလိုနီအစိုးရအား အရေးဆိုရန် ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် နန်းရင်းဝန် မစ္စတာအတ်တလီတို့ လွတ်လပ်ရေး စာချုပ်ချုပ်ဆိုခဲ့ကြသည့် သမိုင်းဝင် အိမ်ယာလည်း ဖြစ်သည်။

မြန်မာပြည်ရဲ့ ထွက်ပေါ်လာတဲ့ ဒီမိုကရေစီကို အားဖြည့်ဖို့အတွက် ကျနော်တို့မြှုပ်နှံမှာပါ။ တိုင်းရင်းသား ပဋိပက္ခတွေကို ဖြေရှင်းရမှာပါ။ အရေးပေါ် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းအတွက် ကျနော်တို့ပေါင်စတာလင် သုံးသန်းမြှုပ်နှံထားပါတယ်။ မြန်မာပြည်သူအားလုံးအတွက် စီးပွားရေးအနာဂတ်တခု ကျနော်တို့ တည်ဆောက်ကြရပါလိမ့်မယ်" ဟု ကွန်ဆာဗေးတစ် ဝန်ကြီးချုပ်ကင်မရွန်းက ပြောဆိုလိုက်သည်။ ထို့နောက် ဗြိတိန် လွှတ်တော်နှစ်ရပ် ပူးတွဲညီလာခံသို့ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားခွင့်ရမည်ဖြစ်ပြီး ဤသည်မှာ အစိုးရခေါင်းဆောင်တဦးမဟုတ်ဘဲ ဗြိတိန်ပါလီမန်တွင် မိန့်ခွန်းပြောကြားခွင့်ရသည့် ရှားပါးအခွင့်အရေး တခုပင်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ခင်ပွန်းသည်အုတ်ဂူ သွားရောက် ဂါရဝပြု

Mizzima ၊ ဂျွန်လ ၂၀ ။ ။ ဗြိတိန်နိုင်ငံသို့ရောက်ရှိနေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ခင်ပွန်းသည် ဒေါက်တာ မိုက်ကယ်အဲရစ်၏အုတ်ဂူသို့ ပထမဆုံးအကြိမ်အဖြစ် ဒီကနေ့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်ဂါရဝပြုမည်ဖြစ်သည်။

၁၉၉၃ ခုနှစ်ကတည်းက ချီးမြှင့်ခြင်းခံထားရသည့် အောက်စဖို့တက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ကိုယ်တိုင် လက်ခံရယူမည့်နေ့တွင်ပင် အောက်စ်ဖို့တွင် ဆုံဆည်း မေတ္တာမျှခဲ့သည့် ခင်ပွန်းသည်အား နောက်ဆုံးသွားရောက်နှုတ်ဆက်ခြင်းလည်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျခံနေရစဉ် အတွင်း ၁၉၉၉ ခုနှစ်က ကင်ဆာရောဂါဖြင့် ဒေါက်တာအဲရစ် ကွယ်လွန်သွားခဲ့သော်လည်း ဈာပနသို့ မသွားရောက်နိုင်ခဲ့ပေ။

၁၉၉၇ ခုနှစ်က မိုက်ကယ်အဲရစ်တွင် ဆီးကျိတ်ကင်ဆာ ဝေဒနာခံစားနေရပြီး ဇနီးဖြစ်သူထံ လာရောက်လည်ပတ်ရန်အတွက် ဗီဇာလျှောက်ထားခဲ့သေးသည်။ ထိုသို့ မစ္စတာအဲရစ်အား ဗီဇာခွင့်ပြုရန် ဝိုင်းဝန်းတောင်းဆိုပေးခဲ့ကြသူများထဲတွင် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့လည်း ပါဝင်ခဲ့သည်။

သို့သော် မြန်မာစစ်အာဏာပိုင်များက ဒေါက်တာအဲရစ်အား ပြည်ဝင်ခွင့်ဗီဇာ မပေးဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ ခင်ပွန်းသည် ထံသွားရန် ခွင့်ပြုခဲ့သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်မှ လွတ် မြောက်နေစဉ်ဖြစ်သော်လည်း ထိုသို့ ထွက်ခွါသွားပါက မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့် ရမည်မှာ မသေချာသောကြောင့် မသွားဖြစ်ခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရမှ ၁၉၈၉ ခုနှစ်တွင် နေအိမ်အကျယ်ချုပ် စတင်ချလိုက်သည့်အချိန်မှစ၍ ငါးကြိမ်ခန့်သာ ခင်ပွန်းသည်နှင့် ဆုံတွေ့ခွင့်ရခဲ့သည်။

၁၉၇၂ ခုနှစ်က လက်ထပ်ခဲ့ကြသော ဒေါ်အောင်ဆန်းစုကြည်တို့ ဇနီးမောင်နှံမှာ တော်ဝင်မိသားစုဝင်များအား မစ္စတာအဲရစ် စာသင်ပြပေးနေသည့် ဘူတန်နိုင်ငံတွင် တနှစ်မျှ နေထိုင်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ မြောက်ပိုင်း အောက်စ်ဖို့သို့ ပြောင်းရွှေ့ အခြေချနေထိုင်ခဲ့ပြီး သားနှစ်ယောက် ထွန်းကားခဲ့သည်။

ယခုမူ နှစ်ပေါင်း ၂၄ နှစ်ကြာ စွန့်ခွါလာခဲ့သော မိသားစုနေရာဟောင်းသို့ ဒေါ်အောင်ဆန်းစုကြည် တခေါက်ပြန်လည်ရောက်ရှိလာကာ ခင်ပွန်းသည် ထာဝရလဲလျောင်းရာ အုတ်ဂူသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက် ဂါရဝပြုနိုင်မည်ဖြစ်သည်။

အပစ်ရပ်ရေး သဘောတူထားသည့်အတိုင်း လိုက်နာမှုမရှိဟု SSPP-SSA ပြောဆို

Mizzima ၊ ဂျွန်လ ၂၁ ။ ။ အပစ်အခတ်ရပ်ရေး သဘောတူညီ လက်မှတ်ရေးထိုးထားသည့်အတိုင်း အစိုးရဘက်မှ မလိုက်နာသဖြင့် တိုက်ပွဲများဖြစ်ပွားနေရသည်ဟု ရှမ်းပြည်တပ်မတော်(မြောက်) SSPP-SSA က ပြောဆိုလိုက်သည်။

ဇွန်လ ၁၇ ရက်နေ့မှစတင်၍ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာမှ သုံးမိုင်အကွာ SSA ထိန်းချုပ်ရာနယ်မြေအတွင်း အစိုးရ၏ တပ်ရင်း ခမရ ၅၁၆၊ ၅၁၇၊ ခလရ ၁၄၉၊ ခလရ ၁၅၀ နှင့်၂၉၆ တို့မှ အင်အား ၄၀၀ ဝန်းကျင်ရှိသော တပ်ဖွဲ့များနှင့် SSA တပ်များ ယနေ့ထိ တိုက်ခိုက်နေခြင်းအပေါ် ယင်းသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ကျနော်တို့ကတော့ လက်မှတ်ထိုးထားတဲ့အတိုင်း ကျင့်သုံးတယ်။ ဒါပေမယ့် သူတို့ဘက်က ဘာကြောင့် လာမယ်ဆိုတာကြိုပြီး သတင်းမပို့ဘူးဆိုတော့ မလိုက်နာဘူးလို့ ပြောရမှာပဲ။ အဲ ဒီလို မလိုက်နာမှုကြောင့် တိုက်ပွဲတွေ ဖြစ်နေရတယ်လို့ပဲ ကျနော် တို့ပြောရမယ်။

အရင်ကတိုက်ပွဲတွေလည်းသူတို့ကိုကျနော်တို့ရောက်တဲ့နေရာ သတင်းပို့ရင်လည်း ကျနော်တို့ရှိတဲ့ နေရာကို လာပစ်တယ်" ဟု SSA အဖွဲ့မှ ပြောရေးဆိုခွင့်ရသူ ဗိုလ်မှူးစိုင်းလကပြောသည်။

ဇန်နဝါရီလ ၁၇ ရက်နေ့က ချုပ်ဆိုခဲ့သည့် အပစ်အခတ် ရပ်စဲရေး သဘောတူချက်တွင် နှစ်ဘက်တပ်များ သွားလာမည်ဆိုပါက ကြိုတင်အကြောင်းကြားရန် ဆိုသည့်အချက် ပါဝင်သည်။ ဇွန်လ ၂၀ ရက်နေ့ညနေပိုင်း ခုနစ်နာရီထိ အစိုးရဘက်မှ လက် နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သလို၊ ၂၁ ရက်နေ့ နံနက်ပိုင်းမှစတင်၍ နေရာကွက်ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်ဟု ၎င်းက ဆက်ပြောသည်။

"ကျနော်တို့ရှိတဲ့ တောင်ကုန်းမှာ ချဉ်းကပ်နေတယ်။ လက်နက်ကြီးတွေနဲ့ အရင်ပစ်တယ်။ နောက်တော့ လက်နက်ငယ်တွေနဲ့ ပစ်တယ်။ ဒီမနက်ပိုင်း ဝေလီဝေလင်း အချိန်လောက်မှာ ပြန်ဖြစ်တယ်။ ပြင်းပြင်း ထန်ထန်တော့ မဖြစ်ဘူး။ ခုထိတော့ ကြိုကြားကြိုကြား ဖြစ်နေတုန်းပဲ" ဟု ဗိုလ်မှူးစိုင်းလ က မဇ္ဈိမကိုပြောသည်။

လေးရက်ကြာ တိုက်ပွဲဖြစ်ပွားနေသဖြင့် ညှိနှိုင်းရန်အတွက် SSA မှ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်ဆိုင်းအား နေပြည်တော်ရှိ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော်ထံ သွားရောက်တင်ပြမည်ဖြစ်ကြောင်း သူက ပြောသည်။

ဇွန်လ ၁၈ ရက်နေ့ကလည်း အစိုးရဘက်မှ စစ်ဗျူဟာမှူး ၂ ကိုယ်တိုင် တိုက်ပွဲဖြစ်ပွားခဲ့သော နေရာသို့ လာရောက်စစ်ဆေးမည် ဖြစ်၍ SSA တပ်ဖွဲ့များအား တပ်ဆုတ်ပေးရန် ပြောဆိုခဲ့သည်။ SSA ကလည်း တပ်ဖွဲ့များကို မပစ်ခတ်ရန် ညွှန်ကြားထားပြီး ထိုနေရာမှ တောင်ကုန်းတနေရာသို့ ဆုတ်ခွာပေးခဲ့သော်လည်း ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီချိန်တွင် အစိုးရတပ်ဘက်မှ လက်နက်ကြီးများဖြင့် စတင်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

"ဗျူဟာမှူးက ခလရ ၁၄၉ နဲ့ ၁၅၀ ပါလာတယ်။ ကျနော်တို့လည်း ကျနော်တို့တပ်တွေကို ပစ်ခတ်မှု မရှိဖို့ ညွှန်ကြားထားတယ်။ သူတို့ စစ်တဲ့အချိန် ကျနော်တို့ ပစ်ခတ်တာ မရှိဘူး။ ကျနော်တို့က တောင်ကုန်းမှာနေရာယူထားတယ်။ မနေ့မနက် ကျနော်တို့ ရှိတဲ့နေရာကို သူတို့ ကျနော်တို့ တပ်စခန်းကို လာတိုက်တယ်။ အဲဒါကြောင့် တိုက်ပွဲပြန်ဖြစ်တာ" ဟု သူက တိုက်ပွဲစတင်ဖြစ်ပွားရသည့် အကြောင်းကို ရှင်းပြသည်။

တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့သော တိုက်ပွဲတွင် SSA ဘက်မှ နှစ်ယောက် ဒဏ်ရာရပြီး အစိုးရတပ်ဘက်မှ တဦး ကျဆုံးကာ ငါးဦး ဒဏ်ရာရသည်ဟုဆိုသည်။ နောက်ပိုင်း တိုက်ပွဲများတွင် မည်မျှ သေဆုံးသည်ဟုမသိရသေးကြောင်း ဗိုလ်မှူးစိုင်းလ က ပြောသည်။

အပစ်အခတ် ရပ်စဲခဲ့ပြီးနောက် ယနေ့ထိ တိုက်ပွဲအကြိမ်ပေါင်း အနည်းဆုံး ၁၉ ကြိမ် ဖြစ်ပွားခဲ့သည်ဟု ဗိုလ်မှူးစိုင်းလ က ပြောသည်။

နို့ဖိုးဒုက္ခသည်စခန်းမှ ဒုက္ခသည်များ ဆန္ဒထုတ်ဖော်

RFA ၊ ဂျွန်လ ၂၀ ။ ။ ဒီကနေ့ကျရောက်တဲ့ ၆၁ နှစ်မြောက် ကမ္ဘာ့ဒုက္ခသည်နေ့ အထိမ်းအမှတ်အနေနဲ့ ထိုင်းနိုင်ငံ၊ တက်ခ်ခရိုင် အတွင်းမှာရှိတဲ့ နို့ဖိုးဒုက္ခသည်စခန်းက ဒုက္ခသည် ၁၀၀ ကျော်က စခန်းတွင်းမှာ မရေရာမသေချာဖြစ်နေတဲ့ မိမိတို့နဲ့ မိမိတို့ရင်သွေး ခလေးငယ်တွေကို ဒုက္ခသည်အဖြစ် အသိအမှတ်ပြုပေးဖို့ ထိုင်းအစိုးရနဲ့ UN HCR တို့ကို ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

မနက် ၉း၃၀ ခွဲမှာစတင်ပြီး ၁ နာရီကြာ ပိုစတာများ ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ရှေ့မှာ ဒုက္ခသည်တွေက တောင်းဆိုခဲ့ကြတာ ဖြစ်ပါတယ်။

သူတို့တွေဟာ နှစ်ပေါင်းများစွာ ဒုက္ခသည်စခန်းမှာ နေထိုင်ခဲ့ပေမယ့် အခုအချိန်အထိ ဒုက္ခသည်အဖြစ် အသိအမှတ်ပြု မခံရသေးတာကြောင့် အသိအမှတ်ပြုပေးဖို့ တောင်းဆိုတာပါလို့ ဆန္ဒထုတ်ဖော်ရာမှာပါဝင်တဲ့ ကိုမျိုးမြင့်က အခုလို ပြောပါတယ်။

"ကျွန်တော်တို့ခလေးတွေရဲ့ အနာဂတ်ပညာရေးဟာ အခုချိန်ထိ ဆုံးခန်းတိုင်အောင် မရောက်ပါဘူးခင်ဗျ၊ အဲဒီအတွက်မို့နိုင်ငံတကာက ကူညီဖြေရှင်းပေးမှသာလျှင် ကျွန်တော်တို့ဘဝရဲ့ အနာဂတ် သားသမီးများရဲ့ ရှေ့ရေးဟာ ဘဝဟာလုံခြုံမှာပါခင်ဗျ။ ကျွန်တော်တို့အခုအချိန်အထိ PRE screen ကို ဖြတ်သန်းထားခဲ့တာ ၃ နှစ် ကျော်ခဲ့ပါပြီဗျ။

အခုအချိန်အထိ ဘဝရဲ့ရှေ့ရေးဟာ ဘယ်နေရာမှန်းတောင် မသိပါဘူး။ ဒုက္ခသည်စခန်းမှာပဲ အချိန်ကုန်ခဲ့ပါတယ်ခင်ဗျ။ အဲဒီအတွက်ကြောင့်မို့ သားသမီးတွေရဲ့ အနာဂတ် ရှေ့ရေးဟာလည်း ဝေးသထက်ဝေးလာပါတယ်ဗျ။ အဲဒါကို ကူညီဆောင်ရွက်ပေးဖို့ ထိုင်းအစိုးရရော UNHCR ကော ကျွန်တော်တို့ သွားရောက်ပြီးတော့တောင်းဆိုတာပါ"

ဒီဒုက္ခသည်တွေဟာ ယာယီဒုက္ခသည်အဖြစ်သာ အသိအမှတ်ပြုခံထားရသေးပြီး တရားဝင်ဒုက္ခသည်အဖြစ် အသိအမှတ်ပြု မခံရသေးကြောင်း ဒီကနေ့ဆန္ဒထုတ်ဖော်ပွဲကို UNHCR ရုံးတာဝန်ရှိသူတွေက တုံ့ပြန်မှု ဘာမှမရှိသေးဘူးလို့ ကိုမျိုးမြင့်ကပြောပါတယ်။

ထိုင်း-မြန်မာနယ်စပ်တလျှောက်မှာ ဒုက္ခသည်စခန်း ၉ ခုရှိပြီး လူဦးရေ တစ်သောင်းခွဲရှိတဲ့ နို့ဖိုးဒုက္ခသည်စခန်း အပါအဝင် စုစုပေါင်း မြန်မာဒုက္ခသည် ၁ သိန်း ၄ သောင်းခန့်ရှိတယ်လို့ ဒုက္ခသည်အကူ အညီပေးရေး TBBC အဖွဲ့ရဲ့ စာရင်းဇယားမှာဖော်ပြပါရှိပါတယ်။

ဦးသိန်းစိန် ဗြိတိန်လာလည်ဖို့ ဖိတ်ကြားချက်အပေါ် ဒေါ်အောင်ဆန်းစုကြည် ကြိုဆို

RFA ၊ ဇွန်လ ၂၁ ။ ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ David Cameron က သမ္မတဦးသိန်းစိန်ကို ဗြိတိန်နိုင်ငံကို လာရောက်လည်ပတ်ဖို့ ဖိတ်ကြားလိုက်ကြောင်း၊ ဗြိတိန်ဝန်ကြီးချုပ်ရဲ့ ဖိတ်ကြားချက်ကို ဦးသိန်းစိန်က လက်ခံလိုက်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူက မနေ့က ပြောဆိုပါတယ်။

ဦးသိန်းစိန် လာရောက်လည်ပတ်မယ့် နေ့ရက်အတိအကျကို အတည်မပြုနိုင်သေးပေမဲ့ ရှေ့လာမယ့်လတွေအတွင်း လာရောက်မယ်လို့ဆိုပါတယ်။ အခုလိုသမ္မတဦးသိန်းစိန် ဗြိတိန်ကို လာရောက်လည်ပတ်ဖို့ ဖိတ်ကြားလိုက်တဲ့အပေါ် ဗြိတိန်နိုင်ငံကို ရောက်ရှိနေတဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထောက်ခံကြိုဆိုလိုက်ပါတယ်။

ဦးသိန်းစိန်ကိုဖိတ်ကြားတာ မှန်ကန်တယ်လို့ ယူဆပါတယ်။ မိမိတို့ဟာ အတိတ်ကာလရဲ့ အချုပ်အနှောင်ကို မခံလိုကြတော့ပါဘူး။ ပိုပြီး ပျော်ရွှင်ဖွယ်ကောင်းတဲ့ အနာဂတ်တစ်ရပ် ထူထောင်ဖို့အတွက် အတိတ်ကို အသုံးချချင်ပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့ပါတယ်။ သမ္မတဦးသိန်းစိန် ဗြိတိန်နိုင်ငံကို လာရောက်လည်ပတ်တဲ့အခါ မြန်မာနိုင်ငံမှာ ဆက်လက်ဆောင်ရွက်ဖို့လိုအပ်နေတဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေအကြောင်း ဗြိတိန်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးကြမယ်လို့ ဗြိတိန်ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူက ပြောဆိုပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ David Cameron ကလည်း ...

ဗြိတိန်ရဲ့ဖိတ်ကြားချက်ကို သမ္မတဦးသိန်းစိန် လက်ခံလိုက်တာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အတိတ်ကာလက မိမိတို့အနေနဲ့ ဘယ်လိုပဲ သဘောထားခဲ့သည်ဖြစ်စေ အခုအခါ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် အောင်မြင်တာကို ဗြိတိန်အပါအဝင် မိတ်ဆွေနိုင်ငံတွေက မြင်တွေ့ချင်ပါကြောင်း၊ ဒီအတွက် မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း ပြောကြားခဲ့ပါတယ်။

ရခိုင်ကိစ္စအတွင်း သေဆုံးသူ ၆၂ ဦးရှိ

RFA ၊ ဇွန်လ ၂၁ ။ ပြီးခဲ့တဲ့အပတ်တွင်းကစပြီး ရခိုင်ပြည်နယ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခတွေအတွင်း သေဆုံးသူ စုစုပေါင်း ၆၂ ဦး ရှိတယ်လို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၃ ရက်နေ့ကစပြီး ပဋိပက္ခတွေအတွင်း သေဆုံးသူ ၅၀ ရှိခဲ့ပြီး ဇွန်လ ၁၉ ရက်နေ့က ဖြစ်ပျက်ခဲ့တဲ့ ရသေ့တောင်မြို့နယ်က အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၁၂ ဦး ထပ်တိုးလာတယ်လို့ သိရပါတယ်။ သတင်းတွေအရ သေဆုံးသူ စုစုပေါင်း ၈၀ ရှိတယ်လို့ပြောဆိုမှုတွေရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးပြောခွင့်ရသူ ဦး ဝင်းမြိုင်က အခုလို ပြောပါတယ်။

“ ၆၂ ယောက်ပေါ့။ ကျွန်တော်တို့ ဒီမှာသတင်းက တချို့က လည်း အဲဒီလိုပေါ့။ ဆေးရုံတက်တာ တချို့ကလည်း မဆုံးပဲနဲ့ အခုဆိုရင်ဗျာ စဖြစ်တုန်းက မောင်တောက ဒေါက်တာ ဦးခင်မောင်လတ်တို့ ဆုံးတယ်ဆိုပြီး သတင်းတက်တယ်။ ဒါပေမဲ့ အဲတာတွေက မဟုတ်ဘူးခင်ဗျ။ ဆိုတော့ အဲတာမျိုးလေးတွေပေါ့”

ဦးဝင်းမြိုင်ရဲ့အဆိုအရ အခြေအနေများ တည်ငြိမ်မှု ရှိနေပြီး ပြည်နယ်အတွင်း မြို့ကြီးတွေက ပိတ်ထားတဲ့ဈေးများကို ပြန်လည်ဖွင့်လှစ်ဖို့ စီစဉ်နေပြီလို့သိရပါတယ်။ အလားတူ မီးလောင်ကြွမ်းမှု ဖြစ်ပွားခဲ့တဲ့နေရာများက အိုးမဲ့အိမ်မဲ့များအတွက် ပြန်လည် နေရာချထားရေးကိစ္စတွေကို ပြည်နယ်အစိုးရအနေနဲ့ အစီအစဉ်များ ပြုလုပ်နေတယ်လို့ ပြောပါတယ်။

ဒီအတောအတွင်း မြန်မာနိုင်ငံကနေ နောက်ထပ်ထွက်ပြေးသွားတဲ့ ရိုဟင်ဂျာ မွတ်စလင် ၁၆ ယောက်ကို ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့တွေက ဖမ်းဆီးလိုက်ပါတယ်။ သူတို့ကို စစ်ဆေးမေးမြန်းပြီး စားနပ်ရိက္ခာ ဆေးဝါးတွေနဲ့အတူ မြန်မာနိုင်ငံကို ပြန်ပို့မယ်လို့ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှူးက ပြောပါတယ်။

ဘင်္ဂလားဒေ့ရှ်ဟာ ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း ထွက်ပြေးလာတဲ့ ရိုဟင်ဂျာ မွတ်စလင် နှစ်ထောင်ကျော်ကို ပြန်ပို့ခဲ့ပါတယ်။ ဒါကြောင့် ထွက်ပြေးလာသူတွေကို လက်ခံဖို့ လူ့အခွင့်အရေးအဖွဲ့တွေက ဘင်္ဂလားဒေ့ရှ်ကို တိုက်တွန်းနေပြီး ဘင်္ဂလားဒေ့ရှ်ကလည်း သူတို့ဟာ ဆင်းရဲတဲ့နိုင်ငံဖြစ်လို့ လက်မခံနိုင်ဘူးလို့ ပြောဆိုထားပါတယ်။

လယ်မြေအကိစ္စ NLD နဲ့ ၈၈ မျိုးဆက်တို့ ကူညီ

RFA ၊ ဇွန်လ ၂၂ ။ လယ်ယာမြေအငြင်းပွားမှု ဖြစ်နေတဲ့ ဒဂုံဆိပ်ကမ်းမြို့နယ် လေးထောင့်ကန် လယ်သမားတွေအရေးကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့က ဒီကနေ့ သွားရောက် ကူညီဆောင်ရွက်ခဲ့ကြောင်းသိရပါတယ်။

ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီ ၁၅ ခုက သိမ်းယူထားတဲ့ ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ချောင်းရွာက လယ်မြေဧက ၁၂၀၀ ကျော်မှာလယ်သမားတွေက ပြန်လည်ထွန်ယက်ဖို့ ကြိုးစားခဲ့ကြရာ လယ်တွေထဲကို ဝင်လို့မရအောင် ပိတ်ဆို့တားဆီးထားတာနဲ့ပတ်သက်ပြီး ကူညီဖြေရှင်းဆွေးနွေးတာဖြစ်ကြောင်း ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုပြုံးချိုက ရှင်းလင်းပြောဆိုပါတယ်။

လယ်သမားတွေက သူတို့ရဲ့ နစ်နာချက်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကို တင်ပြ တိုင်တန်းခဲ့ပေမဲ့ ထူးခြားမှုမရှိတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၈၈ မျိုးဆက် ကျောင်းသားများ အဖွဲ့ထံ အကူအညီ တောင်းခံခဲ့ကြောင်း သိရပါတယ်။

NLD ဒဂုံဆိပ်ကမ်း လွှတ်တော်အမတ် ဒေါက်တာမျိုးအောင်၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြတဲ့ ကိုမင်းကိုနိုင်၊ ကိုပြုံးချို၊ ကိုထွန်းမြင့်အောင်နဲ့ ရှေ့နေ ကိုဖိုးဖြူတို့ ဒီကနေ့ လယ်သမားတွေနဲ့တွေ့ဆုံပြီး အခြေအနေတွေကို မေးမြန်း ဆွေးနွေးခဲ့ကြတယ်လို့ဆိုပါတယ်။ ဒဂုံဆိပ်ကမ်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်က လယ်ယာ မြေတွေကို ရွှေဟိန်းထက်၊ ရွှေတောင်၊ ဂွတ်ဘရားသား၊ အေးရှားဝေါလ်၊ ပင်လယ်ကိုးသွယ်၊ အမျိုးသားကြီးပွားတိုးတက်ရေး၊ ဒေင်၊ မြရွှေဝါ၊ မက်စ်မြန်မာ၊ ဒဂုံအင်တာနေရှင်နယ်၊ မြင့်ဇေယျာ၊ ယုဇန၊ ဆင်းရွှေလီ၊ ရွှေနဂါးမင်း၊ ဝန်းရံ့ခ စတဲ့ ကုမ္ပဏီတွေက သိမ်းယူထားတာ ဖြစ်တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဥရောပခရီးစဉ် နိုင်ငံပိုင် သတင်းမီဒီယာမှာ ဖော်ပြခြင်းမရှိ

RFA ၊ ဂျွန်လ ၂၁ ။ ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့နိဘယ်လ်ဆုလက်ခံပွဲအပါအဝင်ဥရောပခရီးစဉ်ကိုနိုင်ငံပိုင် သတင်းမီဒီယာတွေက လုံးဝမဖော်ပြခဲ့ပါဘူး။

အဲဒီလို မဖော်ပြတဲ့အကြောင်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ခရီးစဉ်ဟာ ပုဂ္ဂိုလ်ရေးခရီးစဉ်သက်သက် ဖြစ်နေတဲ့အတွက်ကြောင့် ထုတ်လွှင့်ဖော်ပြမှု မရှိတာဖြစ်ကြောင်း အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနအမှုဆောင်ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြောဆိုလိုက်ပါတယ်။

ဥရောပကိုရောက်ရှိနေတဲ့ ဦးရဲထွဋ်ဟာ သူ့ရဲ့ခရီးစဉ်အတွင်း ဇွန်လ ၁၉ ရက်နေ့ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တော်မှာကျင်းပတဲ့မြန်မာသတင်းမီဒီယာနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ပြောဆိုခဲ့တာပါ။ အဲဒီဆွေးနွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိဘယ်လ်ဆုအခမ်းအနားသတင်းနဲ့တကွ တခြားဥရောပခရီးစဉ်တွေကို ဘာကြောင့်အစိုးရသတင်းမီဒီယာတွေက မဖော်ပြတာပါလဲ ဆိုတဲ့မေးခွန်းနဲ့ပတ်သက်လို့ ဦးရဲထွဋ် ပြန်လည်ဖြေကြားခဲ့ပုံကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခဲ့တဲ့ ဘားမားကမ်ပိန်းအဖွဲ့က မခင်မိုးမိုးက ပြောပြပါတယ်။

"သူဖြေတာကတော့ အဲဒီ USDP က ကိုယ်စားလှယ်နဲ့ NLDက ပါတီကိုယ်စားလှယ်တယောက်နဲ့ အတူတူပါပဲ။ သာမာန်ကိုယ်စားလှယ်တယောက်ဖြစ်လို့ နိုင်ငံပိုင် သတင်းမီဒီယာမှာ အထူးတလည်မျက်နှာလိုက်ပြီးဖော်မပြနိုင်ဘူးဆိုတာမျိုးသုံးနှုန်းပြီးတော့ပြောဆိုသွားတယ်"။

ဒါ့အပြင်အစိုးရမီဒီယာအနေနဲ့ပါတီတွေရဲ့သတင်းတွေကိုဖော်ပြရာမှာ စည်းကမ်းသတ်မှတ်ထားပြီး ပုဂ္ဂိုလ်ရေးခရီးစဉ်နဲ့ သက်ဆိုင်ရာပါတီတွေရဲ့ လှုပ်ရှားမှု သက်သက်ဆိုရင် ဖော်ပြတာမျိုးမရှိဘူးလို့ ဦးရဲထွဋ်က ပြောဆိုကြောင်း၊ တကယ်လို့သာ ဒေါ်အောင်ဆန်းစုကြည်ဟာ လွှတ်တော်ကိုယ်စားပြုပြီး သွားမယ်ဆိုရင်တော့ သတင်းအဖြစ်ဖော်ပြမှာဖြစ်တယ်လို့ ဆိုကြောင်းလည်း မခင်မိုးမိုးကပြောပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံ အယ်ဒီတာ ဆရာမောင်ဝံသကတော့ ..."လူပုဂ္ဂိုလ်တဦးချင်းအနေနဲ့ ခရီးမို့လို့ နိုင်ငံပိုင်သတင်းစာမှာမဖော် ပြတာမဟုတ်ဘူးဆိုရင်တော့ သတင်းအမြင်နဲ့ကြည့်ရင်တော့တမျိုး ဖြစ်မယ်လေ။ ဒါဟာ သတင်းထူးတခုပေါ့လေ။ ကိုယ့်တိုင်းပြည် အ တွက် အရေးကြီးတဲ့သတင်း၊ ကိုယ့်တိုင်းပြည်အတွက် ဖော်ပြသင့်တဲ့ သတင်းဟုတ်လား၊ မဟုတ်ဘူးလား၊ အဲတာကတော့ ဒါကိုတော့မေးခွန်း ထုတ်စရာရှိတာပေါ့။

ဒီသတင်းကို ဟို အမှောင်ချတယ်ဆိုတဲ့ သဘောကတော့ မဟုတ်ဘူးပေါ့လေ၊ ဒီကျွန်တော်တို့ ပြည်တွင်း ကျွန်တော်တို့ ပုဂ္ဂ လိကဂျာနယ်တွေမှာကတော့ တော်တော်ကြီးကို အကျယ်တဝင့် ထည့်ကြတယ်" CNN/ BBC/ Al-Jazeera အပါအဝင် ကမ္ဘာ့သတင်း မီဒီယာကြီးတွေကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥရောပ ၅ နိုင် ငံခရီးစဉ်အတွင်း လှုပ်ရှားမှုတွေကို အဆက်မပြတ် ထုတ်လွှင့်ပြသနေပါတယ်။

ဂျပန်လုပ်ငန်းရှင် အပြုအမူကြောင့် အလုပ်သမားများ ဆက်လက်ဆန္ဒပြ

Mizzima ၊ ဂျွန်လ ၂၁ ။ ။ စက်ရုံအလုပ်သမားအပေါ် လူ့ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေသည့် ဂျပန်လုပ်ငန်းရှင်၏ပြောစကားနှင့်ခနဲ့သည့်အပြု အမူများကြောင့် ပြေလည်နိုင်ဖွယ်ရှိသည့် မင်္ဂလာဒုံ စက်မှုဇုန် ၁ မှ FAMOSO အထည်ချုပ်စက်ရုံ အလုပ်သမားများ၏အရေး နှောင့်နှေးသွားရပြီး ဆက်လက် ဆန္ဒပြလျက်ရှိကြောင်း သိရသည်။

ဇွန်လ ၉ ရက်နေ့မှ စတင်ကာ ၁၂ ရက်ကြာ အခြေခံလစာ တိုးပေးရေးအတွက် ဆန္ဒပြခဲ့ကြသည့် အလုပ်သမားများအားနေပြည်တော် အလုပ်သမား ညှိနှိုင်းရေးအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် လုပ်ငန်းခွင်သို့ ကြာသပတေးနံနက်က ပြန်လည်ဝင်ရောက်ခဲ့ကြသည့်အလုပ် သမားများအား စက်ရုံပိုင်ရှင်က မချေမငံ လှောင်ပြောင်ပြောဆိုသည့်အတွက် ပြန်လည် ဆန္ဒပြနေရခြင်းဖြစ်ကြောင်း အလုပ်သမားကိုယ်စားလှယ်တဦးက ပြောသည်။

"ဒီနေ့မနက် သမီးတို့က တိုင်ပင်ပြီးမှ အလုပ်ဝင်မယ်ပေါ့နော်။ ဝင် မယ်လို့လုပ်တဲ့အချိန်မှာ မနက် ၇ နာရီခွဲပေါ့။ သူဌေးက ရယ်ပြီးတော့ နာရီကြည့်ပြီး နာရီဝက် နောက်ကျနေပြီ၊ နင်တို့ကိုသနားလို့ ပေးဝင်တာတဲ့။ လှောင်တာပေါ့။ အဲလိုပြောလိုက်လို့ ကလေးတွေက တယောက်မှ မဝင်ဘူးဆိုပြီး အကုန် အပြင်ပြန်ထွက်သွားတာ။ သူဌေးက ဂျပန်လူမျိုး၊ မြန်မာစကားတတ်တယ်" ဟု မဖြူမကိုပြောသည်။ FAMOSO စက်ရုံတွင် အလုပ်သမား ၆၅၄ ဦးရှိပြီး စက် ရုံအပြင်တွင် ဆန္ဒပြနေသူ ၄၇၇ ဦးရှိကြောင်း အလုပ်သမား ကိုယ်စားလှယ်ကပြောသည်။

ဇွန် ၈ ရက်နေ့တွင် အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အလုပ်သမားဌာနမှ ညွှန်/မှူးဦးဝင်းရှိန်က အမြင့်ဆုံးလုပ်ခ ၈ သောင်းကျော်၊ ဒုတိယအဆင့် ၇ သောင်းကျော်နှင့် အနိမ့်ဆုံး ၆ သောင်းကျော်ထိ တိုးမြှင့်ပေးရန် ညှိနှိုင်းပေးခဲ့သော်လည်း အလုပ်ရှင်ဘက်မှသဘောမတူသဖြင့် ခုံသမာဓိအဖွဲ့သို့ တင်ပြထားပြီး အလုပ်သမားဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။

ဇွန်လ ၂၀ ရက်နေ့တွင် နေပြည်တော် အလုပ်သမားညှိနှိုင်းရေးအဖွဲ့မှ ဦးသက်နိုင်ဦး ဝင်ရောက် ညှိနှိုင်းခြင်းကြောင့် အလုပ်သမားများ မကျေနပ်သည့် အလုပ်ရှင်နှင့် အလုပ်သမားအကြား ချုပ်ဆိုထားသည့် စာချုပ်ကို ဖျက်သိမ်းစေကာ အလုပ်သမားများက အလုပ်ခွင် ပြန်လည်ဝင်ရောက်လာကြသော်လည်း အလုပ်ရှင် မစ္စတာနာတာရှီးမား၏ မချေ မငံ အပြုအမူများကြောင့် ဆက်လက်ဆန္ဒပြကြခြင်း ဖြစ်သည်။မူလတောင်း ဆိုထားသည့် လစာတိုးရေးကိစ္စ ပြေလည်မှု မရရှိ ပါက ဆက်လက် ဆန္ဒပြသွားမှာဖြစ်ပြီး အထက်ဌာနများသို့ တိုင်ကြားသွားမည်ဖြစ်ကြောင်း အလုပ်သမား ခေါင်းဆောင် မစန်းစန်းနွယ်က ပြောသည်။

"ခုံသမာဓိရဲ့ ဆုံးဖြတ်ချက်တွေကို သဘောမကျရင်ကျမတို့ နေပြည်တော်အထိ တက်ဖို့ရှိပါတယ်။ ဝါဏိဇ္ဇပဋိပက္ခတက်မှာ။ ဆန္ဒပြနေတုန်းပဲ။ ၈၈ မျိုးဆက်ကျောင်းသားတွေကိုပဲ အကြံဉာဏ်တောင်းရမှာပါ။ ကျမတို့က သိပ်နားမလည်ဘူး။ လစာ၊ ရှားပါးစားရိတ်၊ထုတ်လုပ်မှု အပိုဆုကြေး အဲဒါပဲ တောင်းထားတယ်" ဟု မဖြူမကိုပြောသည်။ FAMOSO စက်ရုံအလုပ်သမား ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင် ၁၂ ဦးဖြင့် ဖွဲ့စည်း ထားပြီး ယင်းခေါင်းဆောင်များမှာ လုပ်ငန်းခွင်အတွင်း ပြန်လည်ဝင် ရောက်ခြင်းမရှိသေးဘဲ ဆန္ဒပြအလုပ်သမားများအရေး ပြင်ပမှလုပ်ကိုင် နေကြကြောင်းသိရသည်။

အတိုက်အခံဆိုတာ အစိုးရလောင်းဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ပြောဆို

RFA၊ ဇွန်လ ၂၂။ ။ အတိုက်အခံဆိုတာ တနေ့မှာ အစိုးရဖြစ်နိုင်တဲ့အဖွဲ့ အစည်းဆိုတာလက်ခံဖို့လိုကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုလိုက်ပါတယ်။လန်ဒန်မြို့မှာမနေ့က ကျင်းပခဲ့တဲ့ မြန်မာသတင်းထောက်တွေနဲ့သီးသန့် တွေ့ဆုံပွဲမှာ အခုလို ပြောကြားခဲ့တာပါ။

"Shadow Government ဆိုတာ အများအားဖြင့် အရွေးချယ်ခံကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတာပေါ့။အခုအန်တီတို့အရွေးချယ်ခံကိုယ်စားလှယ်တွေက အင်မတန်နည်းပါသေးတယ်။ ဒါကတော့တဆင့်ချင်းလုပ်သွားရမဲ့ကိစ္စပါ။ အဲဒီလိုပဲ ဦးတည်ရမှာပဲ။ ဒီမိုကရေစီ ပြည့်ပြည့်ဝဝရဖို့ဆိုတာဟာ အတိုက်အခံဆိုတာဟာ ဒီအစိုးရဖြစ်နိုင်တဲ့ အဖွဲ့ အစည်းဆိုတာကို ကျွန်မတို့ နိုင်ငံက လက်ခံဖို့လိုတယ်။ အခုထိတော့ ဒီသဘောတရားကိုတော့ သိပ်နားလည်သေးတယ်လို့ပြောလို့မရဘူး။ ဒါပေမဲ့ ဒါနားလည်အောင်လည်း အန်တီတို့က လုပ်သွားရင်းကိုယ့်ဘက်ကကိုယ် ဆောက်တည်သွားရမယ်"

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ - "ဒီကိစ္စနဲ့ ပတ်သက်လို့ ခဏခဏ ကျွန်မပြောပြီးပါပြီ။ သမ္မတကြီး ဦးသိန်းစိန်က တကယ်ပဲပြုပြင်ပြောင်းလဲမှု လိုချင်တယ်လို့ကျွန်မယုံကြည်ပါတယ်။ ဒါပေမဲ့ သမ္မတကြီး တယောက်တည်းနဲ့ပဲလုပ်ပေးနိုင်တာ မဟုတ်ပါဘူး။ ဒီအစိုးရ တခုတည်းနဲ့တောင် လုပ်ပေးနိုင်တာ မဟုတ်ပါဘူး။ တပ်မတော်ကလည်း ပါမှဖြစ်မယ်ဆိုတာ ကျွန်မ အကြိမ်ကြိမ် အခါခါပြောတဲ့ကိစ္စဖြစ်ပါတယ်။ လက်တွေ့ ကျကျအခြေအနေကိုကြည့်ပြီးပြောတာပါ။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးဆုံးကတော့ပြည်သူပါဖို့ပဲ။ပြည်သူကပြုပြင်ပြောင်းလဲရေးလုပ်ငန်းပေါ်မှာယုံကြည်မှုရှိရမယ်။ယုံကြည်မှုအရ ခိုင်ခိုင်မာမာနဲ့ဆက်ပြီးတော့ ရပ်တည်သွားမယ်ဆိုလို့ရှိရင် ဒီပြုပြင်ပြောင်းလဲရေးဟာဖြစ်ကိုဖြစ်မယ်လို့ယုံကြည်တယ်"

အလုပ်သမားပြဿနာတွေနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံက အလုပ်သမားဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းတဲ့အခါ ပွင့်လင်းမြင်သာမှုရှိဖို့လိုကြောင်း၊ ဒါမှသာ တတ်သိနားလည်သူတွေက အချိန်မီထောက်ပြ ပြုပြင်နိုင်မှာဖြစ်ကြောင်း အခုတော့ ဥပဒေတွေထွက်လာမှသာ ပြည်သူတွေ သိခွင့်ရကြောင်း ပြောဆိုခဲ့ပါတယ်။ ပြည်ပခရီးစဉ်တွေနဲ့ပတ်သက်ပြီး တွေ့မြင်ခံစားမိပုံကိုလည်း....

" အခု ဥရောပ ရောက်တော့လည်း ကျွန်မထင်တာထက် ပိုပြီးတော့ ဒီဥရောပနိုင်ငံက ပြည်သူ ပြည်သားတွေရော အစိုးရ တွေရောက မေတ္တာကရုဏာနဲ့ ပြုစုစောင့်ရှောက်တယ်၊ ကြိုဆိုတယ်ဆိုတာတွေ့ရတဲ့ အခါကျတော့ ဒါကျွန်မတို့ ကမ္ဘာကြီးအတွက်ကောင်းတဲ့ လက္ခဏာဖြစ်သလို ကျွန်မမှာလည်း ဒီကမ္ဘာကြီးမှာ အားလုံးပိုပြီးတော့ ခင်ခင်မင်မင် အေးအေးချမ်းချမ်း နေနိုင်ဖို့ ကြိုးစားဖို့ တာဝန်ရှိသွားတယ်လို့မြင်ပါတယ်"

မနေ့က လန်ဒန်မြို့မှာ ကျင်းပတဲ့ မြန်မာအသိုင်းအဝိုင်း မိသားစုတွေ နဲ့ တွေ့ဆုံပွဲ အခမ်းအနားကိုလည်း ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပါတယ်။ ဒီအခမ်းအနားမှာ ဗြိတိန်နိုင်ငံကို ခေတ္တရောက်ရှိနေတဲ့ နိုင်ငံကျော်အဆိုတော် ဒေါ်မာမာအေးနဲ့ ဟာသ အနုပညာရှင်ကိုဇာဂနာတို့ကလည်း သီရိမောင်မောင် ဆိုင်းအဖွဲ့နဲ့အတူ ခန်းမဆောင်အပြည့်တက်ရောက်လာတဲ့ ညှော့ပရိတ်သတ်ကို ဖျော်ဖြေခဲ့ကြပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်